ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၇၇ ခုနှစ် ၊ တပေါင်းလဆန်း (၄)ရက် ၊ ကြာသပတေးနေ့ ၊ (19-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၅)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စည်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၈ ကော်လံ ၄ ၂**

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း ခေါ် နဂါးနှင့် ၎င်း၏ မိသားစုဝင်များ တပ်မတော်လုံခြုံရေးစခန်းမှတစ်ဆင့် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အကြမ်းဖက်အဖွဲ့အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်လျက်ရှိပြီး ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့အမျိုးမျိုးအမည်ခံထားသည့် အဖွဲ့ဝင်အမျိုးသားများနှင့် အမျိုးသမီးများသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။ **စာမျက်နှာ ၂၂ ကော်လံ ၁ ❑**

လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် BNRA အမည်ခံ အဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း ခေါ် နဂါး။

ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်
အယ်ဒီတာ့အာဘော်

တာဝန်ကျေပွန်ခဲ့သော ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ယူ

ပြည်သူ့စစ်မှုထမ်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာသင်ကြားခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှု၊ မိမိနိုင်ငံအပေါ်ယုံကြည်မှုများတိုးလာမည်ဖြစ်သည်။ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားတောင့်တင်းစေရန်အတွက် နိုင်ငံ့သားကောင်းပီသစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

လက်ရှိတွင် ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ၊ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများ၊ နိုင်ငံတွင်းအကြမ်းဖက်များ၏လှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများကြောင့် နိုင်ငံတော်ကြီးပြိုကွဲမသွားစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုမနောင့်နှေးစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားများထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာနေရန်မှာ ပဓာနကျလာသည်။ နိုင်ငံတော်၏ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းရေးအတွက် အရွယ်ရောက်သူနိုင်ငံသားတိုင်းက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရန် လိုအပ်ပေသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း၃ပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်အသက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်း၃ပဒေ အာဏာတည်အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂) ထိ ဖွင့်လှစ်နိုင်ပြီဖြစ်သကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)ထိ သင်တန်းဆင်းပွဲကိုလည်းကျင်းပခဲ့ကာ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရန် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ပြီးနောက် တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်များကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်လျက်ရှိသည်။

နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပြည်သူ့စစ်မှုထမ်း၃ပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံသားတစ်ဦး၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ သို့ဖြစ်ရာ ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ တာဝန်ကျေပွန်မှုကို ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၂၅၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ကသာ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၂၅၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၈၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဧန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၅၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၃၀၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ဖူးစားပြောင်း အဲဒီစိုက်ပျိုးထားတဲ့ ဖူးစားပြောင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသီးပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖုလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

ကျောင်းကုန်းမြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေ

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် မြေပဲဆန်များ ဝယ်ယူအားကောင်းခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ အဆိုပါ မြေပဲဆန်များ အရောင်းအဝယ် ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ် ပဲစျေးကွက်ထဲကို ဒေသထွက်မြေပဲဆန်တွေအပြင် အခြားဒေသက မြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန်တွေ အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်တွေက အခုထက် အရောင်းအဝယ်ပိုကောင်းလာဖို့ပဲ ရှိပါတယ်။ အခုလို မြေပဲဆန်တွေ အဝယ်လိုက်နေတော့ တောင်သူတွေ၊ လုပ်သားတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်များ ထုတ်လုပ်ကာ ဝယ်ယူသည့်ဒေသများသို့ စနစ်တကျတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

အမရပူရမြို့နယ် ဖရဲကျွန်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အမရပူရ ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖရဲကျွန်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖရဲကျွန်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖရဲကျွန်း(အရှေ့)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် သုံးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၆ ဒသမ ၆ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း၊ အသေးစားလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၂၉ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

စဉ်ကိုင်မြို့နယ် ဇော်ဂျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စဉ်ကိုင် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ဇော်ဂျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်း ဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဇော်ဂျီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၆ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင် ထံမှ သိရသည်။

အောင်ရဲကျော်

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ဆေးကုသရေး၊ဆေးနှင့်ဆေးပစ္စည်းထိန်းသိမ်းရေးဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးကြည်ရှင်-ဒေါက်တာဒေါ်ကြူကြူမိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကျောက်မြောင်း ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ် ဧန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၂ တင်းထွက်ရှိကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်း ၁၃၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ဧီးကုန်းမြို့နယ် လှေးပုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဧီးကုန်း ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဧီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှေးပုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဧီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်မှုများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ ဒသမ ၃၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လှေးပုကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၃၈ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၆ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး

ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဓနုဖြူ ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်စျေးကွက်ကို ဇန်နဝါရီလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်စျေးကွက်က ဝယ်ယူတာများလာပါတယ်။ ဒေသထွက် ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်စျေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်စျေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့အားကောင်းလာတော့ ပဲစိုက်တောင်သူတွေ၊ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ဗိုလ်ကိတ်ပဲစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ပထမအင်းဝခေတ် မြို့တော်၊ နန်းတော်များ

ဗိုလ်ရှိတ်(ရတနာပူရ)

ပုဂံခေတ်ကုန်ဆုံးပြီးနောက်ပိုင်း ပေါ်ထွန်းခဲ့သော မြို့တော်များတွင် အင်းဝမြို့တော်သည် မြို့သက်အရှည်ဆုံးနှင့် မင်းဆက်အများဆုံး စိုးစံခဲ့သော နေပြည်တော်တစ်ခုဖြစ်သည်။ ပုဂံခေတ်နှင့် အင်းဝခေတ်တို့၏ကြားကာလတွင် ပေါ်ထွန်းခဲ့သော မြင်စိုင်း၊ ပင်လယ်၊ မကွေရာ၊ ပင်းယမြို့၊ စစ်ကိုင်းမြို့ဟောင်းတို့သည် မြို့သက်လည်း မရှည်ကြာခဲ့သလို စိုးစံခဲ့သည့် မင်းဆက်မှာလည်း အလွန်နည်းပါးခဲ့သည်။ အမှန်ကထိုမြို့ငါးမြို့သည် ပုဂံပျက်ပြီးနောက် အင်းဝပေါ်ထွန်းရန် ပေါင်းကူးပေးခဲ့သည့် မြို့များအဆင့်သာရှိသည်ဟုဆိုနိုင်သည်။ အင်းဝမြို့နေရာ၊ အင်းဝမြို့တော်သည် သာလျှင် မြို့သက်အရှည်ဆုံးနှင့် မင်းဆက်အများဆုံး မြို့တစ်မြို့အဖြစ် ရပ်တည်ခဲ့သည်။

အင်းဝမြို့ကို လေ့လာကြည့်မည်ဆိုလျှင် ခေတ်သုံးခေတ်ခွဲ၍ လေ့လာနိုင်သည်။ ထိုခေတ်သုံးခေတ်မှာ ပထမအင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်အင်းဝဟူ၍ဖြစ်သည်။ သတိုးမင်းဖျား အင်းဝမြို့ကို ပထမဆုံးတည်ကာ စိုးစံခဲ့သည်မှာ နောက်ဆုံးမင်းရဲကျော်စွာစုန်မင်းထိ မင်းဆက် ၂၀ ရှိသည်။ ထိုမင်းဆက် ၂၀ တိတိ စိုးစံခဲ့သောခေတ်ကို ပထမအင်းဝခေတ်ဟု ပိုင်းခြားလေ့လာနိုင်သည်။

အင်းဝမြို့ကို ညောင်ရမ်းမင်းတရားကြီး ဒုတိယအကြိမ် ပြန်လည်တည်ထောင်ခဲ့သည့်ခေတ်ကို ညောင်ရမ်းခေတ်ဟူ၍ ပိုင်းခြားခေါ်ဝေါ်ကြသည်။ ညောင်ရမ်းခေတ်ကို ဒုတိယအင်းဝခေတ်ဟူ၍လည်း ခေါ်ကြသည်။ ညောင်ရမ်းခေတ်တွင် ညောင်ရမ်းမင်းတရားကြီးမှစ၍ နောက်ဆုံး မဟာဓမ္မရာဇာဓိပတိ မင်းထိ ၁၀ ဆက်ရှိသည်။

ကုန်းဘောင်ခေတ် အင်းဝဟု ပိုင်းခြားရခြင်းမှာ ကုန်းဘောင်မင်းဆက် ၁၁ ဆက်ရှိရာတွင် မင်းနှစ်ပါးသည် အင်းဝမြို့ကိုတည်ပြီး စိုးစံခဲ့သော ကြောင့်ဖြစ်သည်။ ကုန်းဘောင်ခေတ်တည် အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မြေဒူးမင်းသည် အင်းဝမြို့ကို တတိယအကြိမ် ပြန်လည်တည်ထောင်၍ စိုးစံခဲ့သလို ဘကြီးတော်စစ်ကိုင်းမင်းသည်လည်း အင်းဝမြို့ကို စတုတ္ထအကြိမ် ပြန်လည်တည်ထောင်ခဲ့ကြသည်။ ကုန်းဘောင်ခေတ် အင်းဝမြို့တွင် ဆင်ဖြူရှင်မြေဒူးမင်း၊ စဉ်ကူးမင်း၊ ဖောင်ကားမင်း၊ ဘကြီးတော်စစ်ကိုင်းမင်းတို့ စိုးစံခဲ့ကြသည်။

တချို့က ဆင်ဖြူရှင် မြေဒူးမင်း တတိယအကြိမ်မြောက် အင်းဝမြို့တည်ခဲ့သည်ကို တတိယအင်းဝခေတ်၊ ဘကြီးတော် စစ်ကိုင်းမင်း စတုတ္ထအကြိမ်တည်ခဲ့သည်ကို စတုတ္ထအင်းဝခေတ်ဟူ၍ခေါ်ချင်ကြ၏။ မသင့်ဟုထင်ပါသည်။ ထိုမြို့တည်မင်းနှစ်ပါးစလုံးသည် ကုန်းဘောင်မင်းဆက်များသာဖြစ်သည်။ ထိုမင်းနှစ်ပါးတည်ခဲ့သော အင်းဝမြို့တွင်လည်း ပထမအင်းဝခေတ်၊ ညောင်ရမ်းခေတ်တို့ကဲ့သို့ မင်းဆက်များ ရှည်လျားစွာစိုးစံခဲ့ကြသည်မဟုတ်ပေ။ စုစုပေါင်းလေးပါးသာ စိုးစံခဲ့သည်။ ထို့ကြောင့် ခေတ်တစ်ခေတ်ဟုသတ်မှတ်လေ့လာ၍ မသင့်ဟုထင်သည်။ သို့ဖြစ်သောကြောင့် ကုန်းဘောင်ခေတ်အင်းဝဟူ၍သာ ပိုင်းခြားသင့်ပါသည်။

ပထမအင်းဝခေတ်တွင်စိုးစံခဲ့သော မင်းဆက် ၂၀ တွင် မြို့တည်၊ နန်းတည်၍ စိုးစံခဲ့သော မင်းများပါသကဲ့သို့ နန်းတော်သက်သက် တည်ဆောက်စိုးစံခဲ့သောမင်းများလည်းရှိသည်။ ထို့ကြောင့် ပထမအင်းဝခေတ်တွင် တွေ့ရသော မြို့တော်၊ နန်းတော်များအကြောင်းကို လေ့လာတင်ပြပါမည်။ မြို့တော်၊ နန်းတော်များ အကြောင်းမလေ့လာမီ အရင်ဆုံး ပထမအင်းဝခေတ်တွင် စိုးစံခဲ့သော မင်းဆက် ၂၀၏ အကြောင်းကို ရှင်းရှင်းလင်းလင်းသိစေရန် ဖော်ပြပါဦးမည်။

၁။ သတိုးမင်းဖျား (၇၂၆-၇၂၉)

အင်းဝမြို့ကို ပထမဆုံးတည်၍စိုးစံခဲ့သောမင်းမှာ သတိုးမင်းဖျားဖြစ်သည်။ သက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့ (၁၃၆၅ ခုနှစ် ဇန်နဝါရီ ၂၆) ရက်တွင် အင်းဝမြို့ကိုတည်၍ စိုးစံခဲ့သည်။ သတိုးမင်းဖျားသည် အင်းဝမြို့တည်စဉ်က သက်တော် ၁၉ နှစ်သာရှိသေးသည်ဟု မဏိရတနာပုံကျမ်း၌ဆိုသည်။ ထို့ကြောင့် သတိုးမင်းဖျားကို အသက်အငယ်ဆုံးမြို့တည်မင်းအဖြစ် စံထားရမည်ဖြစ်သည်။ ပို၍လေးစားစရာကောင်းသည်မှာ သတိုးမင်းဖျားသည် အခြားမင်းများကဲ့သို့ အိမ်ရှေ့မင်းသားဘဝမှ ရှင်ဘုရင်အဖြစ်သို့ ရောက်ရှိခဲ့သူ မဟုတ်ပေ။ ထီးနန်းစည်းစိမ်ကို ခက်ခက်ခဲခဲဖြင့် ရယူခဲ့ခြင်းဖြစ်သည်။

သတိုးမင်းဖျားသည် ရှင်ဘုရင်မဖြစ်မီက စစ်ကိုင်းဘုရင်မင်းပြောက်ထံ ခစားနေသူဖြစ်သည်။ ထိုအချိန်က ပင်းယမြို့တွင် နရသူစိုးစံနေသည်။ စစ်ကိုင်းမင်းပြောက်သည် မင်းမျိုးမဟုတ်ချေ။ ထို့ကြောင့် ပင်းယမင်းနရသူက မင်းမျိုးမဟုတ်သူ မင်းပြောက်မင်းပြုသည်ကို မကျေနပ်သဖြင့် သက္ကရာဇ် ၇၂၅ ခုနှစ်တွင် မိုးကောင်းမြို့ ကိုးသိန်းသခင်ရှမ်းသိုဟန်ဘွား၏ညီ သိုချည်ဘွားထံသို့ "စစ်ကိုင်းကိုတိုက်ယူပါ။ ရလျှင် အကာကိုယူ၍ အနှစ်ကိုပေးပါမည်"ဟု စေလိုက်သည်။ ထိုအခါ သိုချည်ဘွားသည် ဆင်မြင်းအလုံးအရင်းဖြင့် ချီလာသည်။ သတိုးမင်းဖျားသည် ဆင်မြင်းအလုံးအရင်းနှင့် တကောင်းမြို့က ခံသော်လည်း မခံနိုင်သောကြောင့် ဆင်တစ်စီးဖြင့် စစ်ကိုင်းသို့ရောက်လာသည်။ ဘထွေးတော်မင်းပြောက်က "တကောင်း မြို့ပျက်ရာသလော"ဟု သတိုးမင်းဖျားကို သံခြေချင်းခတ်ပြီး ကျခတ်ဝရာသို့ပို့လေသည်။ ကျခတ်ဝရာရွာသည် ယခုချင်းတွင်းမြစ်အနောက်ဘက်ကမ်းရေစကြိုမြို့နယ်အတွင်း၌ တည်ရှိသည်။ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ ပရိမ္မရွာနှင့် ကျခတ်ရွာသည် မြစ်အရှေ့ဘက်၊ အနောက်ဘက်တည်ရှိသည်။ ကျခတ်ကို ယခုအခါ ကျောက်ခတ်ရွာဟုရေးသည်။

သိုချည်ဘွား၏စစ်တပ် စစ်ကိုင်းမြို့သို့ရောက်သောအခါ စစ်ကိုင်း ဘုရင်မင်းပြောက်သည် မခုခံနိုင်ဘဲ ကျခတ်ဝရာရွာသို့ စုန်ပြေးသည်။ သိုချည်ဘွားသည် စစ်ကိုင်းမြို့ကိုသာမက ပင်းယမြို့ကိုပါတိုက်၍ ပင်းယမင်းနရသူကိုယူ၍ ပြန်လေသည်။ ထို့ကြောင့် ပင်းယမင်းနရသူသည် အထက်မောရှမ်းပြည်သို့ပါရသောကြောင့် မောပါနရသူဟု ရေးသားကြသည်။

သတိုးမင်းဖျားသည် ကျခတ်ဝရာရွာသို့ရောက်လာသော မင်းပြောက်ကိုလုပ်ကြံပြီး ကျခတ်ဝရာရွာမှ ပင်းယသို့ဆန်လာသည်။ နရသူနောက်စိုးစံသော ပင်းယမင်း ဥစ္စနာပြောင်ကို လုပ်ကြံကာ စောဥမ္မာကို မိဖုရားမြှောက်၍ ပင်းယ၌မင်းပြုသည်။ ထို့နောက်မှ သက္ကရာဇ် ၇၂၆ ခုနှစ်တွင် အင်းဝမြို့ကို တည်၍ မင်းပြုခဲ့ခြင်းဖြစ်သည်။

> ❖ **အင်းဝမြို့ကို ပထမဆုံးတည်၍ စိုးစံခဲ့သောမင်းမှာ သတိုးမင်းဖျားဖြစ်သည်။ သက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့ (၁၃၆၅ ခုနှစ် ဇန်နဝါရီ ၂၆) ရက်တွင် အင်းဝမြို့ကို တည်၍ စိုးစံခဲ့သည်။ သတိုးမင်းဖျားသည် အင်းဝမြို့တည်စဉ်က သက်တော် ၁၉ နှစ်သာရှိသေးသည်ဟု မဏိရတနာပုံကျမ်း၌ဆိုသည်။ ထို့ကြောင့် သတိုးမင်းဖျားကို အသက်အငယ်ဆုံး မြို့တည်မင်းအဖြစ် စံထားရမည်ဖြစ်သည်။ ပို၍လေးစားစရာကောင်းသည်မှာ သတိုးမင်းဖျားသည် အခြားမင်းများကဲ့သို့ အိမ်ရှေ့မင်းသားဘဝမှ ရှင်ဘုရင်အဖြစ်သို့ ရောက်ရှိခဲ့သူမဟုတ်ပေ။ ထီးနန်းစည်းစိမ်ကို ခက်ခက်ခဲခဲဖြင့် ရယူခဲ့ခြင်းဖြစ်သည်။** ❖

သက္ကရာဇ် ၇၂၆ ခုနှစ် ကဆုန်လတွင် သိုချည်ဘွားတိုက်၍ စစ်ကိုင်းမြို့ပျက်သည်။ နယုန်လတွင် ပင်းယပျက်သည်။ ဝါဆိုလတွင် ဥစ္စနာပြောင်သည် ပင်းယတွင် နန်းတက်သည်။ တော်သလင်းလတွင် ဥစ္စနာပြောင်ကို နန်းချ၍ သတိုးမင်းဖျား ပင်းယ၌ မင်းပြုသည်။ တပေါင်းလတွင် အင်းဝမြို့ကိုတည်သည်။ ထိုဖြစ်ရပ်များသည် သက္ကရာဇ် ၇၂၆ ခုနှစ်အတွင်းဖြစ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း "နောင်လာမှတ်စေချီ"ရာဇဝင်ချုပ်လင်္ကာ၌-

"ဆဒွေး သတ္တာ၊ ဂေါဇာရှိတိုင်း
ထိုနှစ်ပိုင်း၌၊ စစ်ကိုင်းကဆုန်
နယုန်ပင်းယ၊ ပျက်ထနဂိုရ်
ဝါဆိုလမှာ၊ ဥဇနာပြောင်
နန်းဘောင်စိုးခြင်း၊ တော်သလင်းလ
နန်းကျလေရှောင်း၊ လတပေါင်းတွင်
တကောင်မင်းရိုး၊ သတိုးမင်းဖျား
တည်ထားအင်းဝ"ဟူ၍စပ်ဆိုထားခြင်းဖြစ်သည်။

အထက်ပါအကြောင်းအရာများကို ကြည့်ပါက သတိုးမင်းဖျားသည် အင်းဝထီးနန်းကို ခက်ခက်ခဲခဲ ကြိုးကြိုးစားစားဖြင့် ရယူခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ အသက် ၁၉ နှစ်အရွယ်မျှဖြင့် ထီးနန်းကို ရအောင်ယူနိုင်ခြင်း၊ မြို့တည်နိုင်ခြင်းတို့မှာ လေးစားချီးကျူးဖွယ်ရာဖြစ်သည်။

သတိုးမင်းဖျားသည် နန်းသက်ရှည်ကြာသော မင်းတစ်ပါးမဟုတ်ပေ။ နန်းသက်မှာ ပင်းယမြို့တွင် ခုနစ်လ၊ အင်းဝမြို့တွင် သုံးနှစ်မျှသာ ဖြစ်ပြီး သက်တော် ၂၅ နှစ်သို့အဝင်တွင် နတ်ရွာစံခဲ့သည်။

သတိုးမင်းဖျားတည်ထားခဲ့သော ကောင်းမှုကုသိုလ်တော်စာရင်းကို မတွေ့ရပေ။ သို့သော် ရှေးဘုရားစေတီပုထိုးများ ပြုပြင်ခဲ့သည်ကို တွေ့ရသည်။ ပုဂံရွှေစည်းခုံဘုရားကို ဝတ္ထုကုံမိုးမြေ ကျွန်သီးတော်လှူခြင်း၊ ထီးလှိုင်ရှင်ဘုရား၊ ရွှေရင်းရဲဘုရား၊ အုန်းပေါက်မုဋ္ဌောဘုရား၊ ဣကြက်ယက်ဘုရားနှစ်ဆူတို့ကို ပြန်လည်ပြုပြင်ခဲ့ပြီး တစ်စီးရှင် သီဟသူမင်းကောင်းမှ ဂူတော်သစ်စေတီကိုပြီးစီး အောင်ဆက်၍တည်ခဲ့သည်။ ဒေါက်တာတိုးလှ၏ "ပင်းယအင်းဝမြေမှ သမိုင်းဝင်စေတီပုထိုးများ" စာအုပ်တွင် သတိုးမင်းဖျားသည် အောင်စည်းခုံစေတီကိုတည်ခဲ့ကြောင်း ဖော်ပြထားသည်။ အမှန်ကအောင်စည်းခုံစေတီကို သတိုးမင်းဖျား တည်ခဲ့ခြင်းမဟုတ်ပေ။ အောင်စည်းခုံစေတီကို တည်ခဲ့သော မင်းမှာ မင်းကြီးစွာစော်ကဲဖြစ်သည်။ ဒေါက်တာတိုးလှ၏ ရေးသားဖော်ပြမှုသည် မှားယွင်းနေပါသည်။

၂။ မင်းကြီးစွာစော်ကဲ (၇၂၉-၇၆၂)

မင်းကြီးစွာစော်ကဲသည် သက္ကရာဇ် ၇၂၉ ခုနှစ် တပေါင်းလ (၁၃၆၈ ခုနှစ် မတ်လ)တွင် မင်းဖြစ်တော်မူသည်။ ၇၃၀ ပြည့်နှစ် (၁၃၆၈ ခုနှစ်)တွင် နန်းတက်သည်။ မင်းကြီးစွာစော်ကဲသည် သက်တော် ၃၇ ခုနှစ်တွင် မင်းဖြစ်ပြီး သက်တော် ၇၀ တွင် နတ်ရွာစံသည်။ မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော စေတီတော်တို့မှာ-

၁။ အင်းဝရွှေစည်းခုံ
၂။ ရွာသစ်ကြီးစည်းခုံ
၃။ ညောင်ရမ်းစည်းခုံ
၄။ ပေါက်ဝစည်းခုံ
၅။ ကန်စွန်းနိမ့်စည်းခုံ
၆။ အင်းဝထန်းတောစည်းခုံ
၈။ မြင်းမူစည်းခုံ
၉။ တပ်ကြီးအရပ်တွင် ရတနာဂူဘုရား
၁၀။ စကားအင်းအောင်စည်းခုံတို့ကို တည်တော်မူသည်။

၃။ ဆင်ဖြူရှင်တရဖျား (၇၆၂-၇၆၃အဝင်)

သက္ကရာဇ် ၇၆၂ ခုနှစ် နတ်တော်လ (၁၄၀၀ ပြည့်နှစ် ဒီဇင်ဘာလ) တွင် မင်းကြီးစွာစော်ကဲသားတော် ဆင်ဖြူရှင်တရဖျား အင်းဝ၌ နန်းတက်သည်။ ဤမင်းသည် ခုနစ်လသာ နန်းစံရသည်။ အောင်ပင်လယ်သို့ တောကစားထွက်ရာတွင် နတ်သမီးနှင့်တွေ့၍ စိတ်ဖောက်ပြန်ကာ ထီးလှိုင်ရှင်ဂူ၌ ငါးမျှားနေသည်ဟူ၍ ရာဇဝင်ကြီးများ၌ ဖော်ပြသည်။ ထိုစိတ်ဖောက်ပြန်ဝေဒနာခံစားနေရစဉ် အထိန်းတော် တကောင်းစားဝနောက်ဆံလုပ်ကြံ၍ နတ်ရွာစံခဲ့သည်။ ဆင်ဖြူရှင်တရဖျားသည် အင်းဝမြို့ တောင်မုရင်းလယ်နားတွင် စည်းခုံတည်တော်မူသည်။ ဆင်ဖြူရှင်တရဖျားတည်ခဲ့သော စည်းခုံသည် မည်သည့်နေရာတွင်ရှိမှန်း မသိတော့ချေ။

၄။ ပထမမင်းခေါင် (၇၆၃-၇၈၃)

သက္ကရာဇ် ၇၆၃ ခုနှစ် (၁၄၀၁ ခုနှစ်)တွင် ဆင်ဖြူရှင်တရဖျားညီတော် ပထမမင်းခေါင်ကြီး နန်းတက်သည်။ တွင်းသင်းရာဇဝင်သစ်၌ မင်းခေါင် နန်းတက်နှစ်ကို ၇၆၂ ဟုပြ၏။ ပထမမင်းခေါင်သည် သက်တော် ၂၈ နှစ်တွင် မင်းဖြစ်ပြီး သက်တော် ၄၉ နှစ်တွင် နတ်ရွာစံသည်။ တည်ထားခဲ့သော စေတီတော်မှာ ပင်းယရန်အောင်မြင်စေတီဖြစ်သည်။

စာမျက်နှာ ၅ သို့ á

လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်

မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ဂွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာ ၈၇၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နေကြာ ၈၇၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဧန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၈၇၄၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၃ ဒသမ ၂၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာ ၃၁၃၃၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့တယ်။ ဆီထွက်သီးနှံနေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ခြင်း၊ နေကြာစိုက်မည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

၅။ ဆင်ဖြူရှင်သီဟသူ (၇၈၃-၇၈၇)

သက္ကရာဇ် ၇၈၃ ခုနှစ် (၁၄၂၂ ခုနှစ်)တွင် သားတော် သီဟသူသည် သီဟသူရမဟာမမ္မရာဇာ ဟူသောတံဆိပ်ကိုခံ၍ အင်းဝရွှေနန်းတက်တော်မူသည်။ ဆင်ဖြူရှင်သီဟသူသည် သက်တော် ၂၇ နှစ်တွင်မင်းဖြစ်ပြီး သက်တော် ၃၁ နှစ် တော်သလင်းလ၌ နတ်ရွာစံသည်။ တည်ထားခဲ့သောစေတီတော်မှာ တဘက်ဆွဲစည်းခုံတော်စေတီဖြစ်သည်။

၆။ မင်းလှယော် (၇၈၇-၃လ)

သက္ကရာဇ် ၇၈၇ ခုနှစ် တော်သလင်းလ (၁၄၂၅ ခုနှစ် သြဂုတ်လ)တွင် ဆင်ဖြူရှင်သီဟသူ သားတော် မင်းလှယော် နန်းတက်သည်။ မင်းလှယော်သည် နန်းတက်စဉ်က သက်တော် ကိုးနှစ်သာရှိသေးသည်။ အင်းဝမင်းဆက်များတွင် အသက်အငယ်ဆုံးဖြစ်သည်။ နန်းစံသုံးလတွင် မိဖုရားရှင်ဘို့မယ် ဆေးခတ်လုပ်ကြံ၍ နတ်ရွာစံသည်။

၇။ ကလေးကျေးတောင်ညို (၇၈၇-၇၈၈)

သက္ကရာဇ် ၇၈၇ ခုနှစ် နတ်တော်လ (၁၄၂၅ ခုနှစ် နိုဝင်ဘာလ)တွင် မင်းကြီးစွာစော်ကဲမြေး၊ ဆင်ဖြူရှင်တရဖျားသားတော် ကလေးကျေးတောင်ညို အင်းဝ၌နန်းတက်သည်။ ကလေးကျေးတောင်ညိုမင်းကို မိုးညှင်းမင်းတရားက လာတိုက်၍ မခံနိုင်သောကြောင့် အင်းဝမှ ရခိုင်သို့ ပြေးရာလမ်းခရီးပဲလွန်တောင်၌ နတ်ရွာစံသည်။ ကလေးကျေးတောင်ညိုသည် သက်တော် ၄၁ နှစ်တွင် မင်းဖြစ်ပြီး သက်တော် ၄၂ နှစ်သို့ အဝင်တွင်နတ်ရွာစံသည်။ နန်းစည်းစိမ် ခုနစ်လသာကြာသည်။

၈။ မိုးညှင်းမင်းတရား (၇၈၈-၈၀၀)

သက္ကရာဇ် ၇၈၈ ခုနှစ် နယုန်လဆန်း (၁၄၂၆ ခုနှစ် မေလ)တွင် မိုးညှင်းမင်းတရားကြီး မင်းဖြစ်တော်မူသည်။ သီရိတြိဘဝနာဒိတျာပဝရပဏ္ဍိတ ဓမ္မရာဇာဟူသောအမည်ကိုခံသည်။ မိုးညှင်းမင်းတရားကြီးသည် သက်တော် ၄၇နှစ်တွင် မင်းဖြစ်တော်မူပြီး နန်းစည်းစိမ် ၁၃ နှစ်သို့အဝင် သက်တော် ၆၀ တွင် နတ်ရွာစံသည်။

ဆက်လက်ဖော်ပြပါမည်။

အောင်မြင်ရာ လမ်းစသို့

- အောင်မြင်ရာ လမ်းစသို့
  မှန်းဆလို့ ခရီးနှင်၊
  အခက်ခဲတွေ မကြောက်တမ်း
  လျှောက်လှမ်းဖို့ပြင်၊
  ဇွဲ လုံ့လ ဝီရိယစဉ်
  အသိသတိတွင် ရင်မှာပျိုး၊
  တွေးမြော်မြင် ဗဟုသုတ
  တုပညာဏ်စိုး။

- ရည်သန်ရာ စိတ်တန်ခိုး
  နိမိတ်မိုး လှပမည်၊
  တရွှေ့ရွှေ့ ကြိုးစားလို့
  တိုးပွားစေရည်၊
  ရိုးသားမှု မပျက်တည်
  ယုံကြည်ရာ ခရီးလမ်း၊
  ရှင်သန်ရာ ကိုယ့်ဘဝ
  လှပမြေ့ချမ်း။

- မေတ္တာမှု အပြုံးပန်းနှင့်
  မမုန်းတမ်း အစဉ်လာ၊
  ကြင်နာမှု ချစ်ခြင်းဖက်
  ပြစ်ကင်းလျက်သာ၊
  နှလုံးသားလှ ဖြူစင်စွာ
  မငြိုငြင်ပါ လူလူချင်း၊
  ဖေးကူညီ ပရဟိတဖြင့်
  လှပစေမင်း။ ။

အဝေရာကိုကို

မိုးညိုမြို့နယ် ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုးညို ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျီးပင်စုကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁ ဒသမ ၃၈သန်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉၂ ဦးကို ငွေကျပ် ၃၈ ဒသမ ၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၅ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၉၈ သန်းထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေးမြတ်

နိုင်ငံတကာ သတင်းများ

၂၀၂၈ ခုနှစ် ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ ဒုတိယသမ္မတ ဆာရာဒူတာတေး ပါဝင်ယှဉ်ပြိုင်မည်

မနီလာ ဖေဖော်ဝါရီ ၁၈

၂၀၂၈ ခုနှစ် ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေးက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ ဒုတိယသမ္မတ ဆာရာဒူတာတေးသည် ၂၀၂၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရန် အလားအလာ အကောင်းဆုံးရှိသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရသည်။

ဆာရာဒူတာတေးသည် ဖိလစ်ပိုင်သမ္မတဟောင်း ရိုဒရီဂိုဒူတာတေး၏ သမီးဖြစ်ပြီး ၂၀၂၂ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဖာဒီနန်မားကို့စ်၏ ဒုတိယသမ္မတအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ဖိလစ်ပိုင်နိုင်ငံ လက်ရှိရင်ဆိုင်နေရသည့် ပြဿနာများအတွက် လက်ရှိသမ္မတ ဖာဒီနန်မားကို့စ်တွင် တာဝန်ရှိကြောင်း ဆာရာဒူတာတေးက ယနေ့တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတများအနေဖြင့် ခြောက်နှစ်သက်တမ်း တစ်ကြိမ်သာ တာဝန်ယူခွင့်ရှိရာ လက်ရှိသမ္မတ ဖာဒီနန်မားကို့စ်အနေဖြင့် ၂၀၂၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိကြောင်း သိရသည်။

၂၀၂၈ ခုနှစ်သမ္မတရွေးကောက်ပွဲတွင် ဆာရာဒူတာတေးအနိုင်ရခဲ့ပါက ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ တရုတ်နိုင်ငံဘက်သို့ ယိမ်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ပြင်သစ်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ မွမ်ဘိုင်းမြို့၌ တွေ့ဆုံဆွေးနွေး

မွမ်ဘိုင်း ဖေဖော်ဝါရီ ၁၈

ပြင်သစ်သမ္မတ မက်ခရွန်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် မွမ်ဘိုင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြင်သစ်သမ္မတ မက်ခရွန်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် နှစ်နိုင်ငံစီးပွားရေးနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့် မြှင့်တင်ရေးတို့ကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ မရေမရာမှုများကြီးစိုးနေချိန်တွင် အိန္ဒိယနှင့် ပြင်သစ်နှစ်နိုင်ငံ ဆက်ဆံရေးသည် ကမ္ဘာကြီးတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အင်အားတစ်ရပ်ဖြစ်ကြောင်း ပြင်သစ်သမ္မတနှင့် ဆွေးနွေးပြီးနောက် ကျင်းပခဲ့သော ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယနှင့် ပြင်သစ်နှစ်နိုင်ငံဆက်ဆံရေးကို နယ်စည်းမဲ့နှစ်နိုင်ငံဆက်ဆံရေးအဖြစ် အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဂုဏ်ပြုရည်ညွှန်းပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ယူကရိန်းပဋိပက္ခပြီးဆုံးရေး ကြိုးပမ်းမှုများတွင် ပြင်သစ်နှင့်အတူပူးပေါင်းပါဝင်ရန် ပြင်သစ်သမ္မတ မက်ခရွန်က အိန္ဒိယဝန်ကြီးချုပ်ကို တိုက်တွန်းခဲ့သည်။

ထို့ပြင် သမ္မတမက်ခရွန်သည် ယခုနှစ် ဇွန်လအတွင်း ပြင်သစ်နိုင်ငံ အက်ဗီယန်မြို့၌ ကျင်းပမည့် ဂျီ-၇ အုပ်စု ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် အိန္ဒိယဝန်ကြီးချုပ်ကို ဖိတ်ကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

နျူကလီးယားလျှို့ဝှက်စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ရုရှားအစိုးရ ပြောကြား

မော်စကို ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နျူကလီးယားလျှို့ဝှက်စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း နျူကလီးယားလျှို့ဝှက်စမ်းသပ်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း အမေရိကန်အစိုးရက ပြောကြားခဲ့ပြီးနောက် ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူက အဆိုပါ အတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

နျူကလီးယားလျှို့ဝှက်စမ်းသပ်မှုဆိုင်ရာ ပြောကြားချက်များထဲ၌ ရုရှားနှင့် တရုတ်နိုင်ငံတို့ကို ထည့်သွင်းထားသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် ရုရှားနှင့်တရုတ်နိုင်ငံတို့သည် နျူကလီးယားလျှို့ဝှက်စမ်းသပ်မှုမျိုး ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဒီမီထရီပက်စကော့ဗ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ နျူကလီးယားလျှို့ဝှက်စမ်းသပ်မှု ပြောကြားချက်ကို တရုတ်နိုင်ငံကလည်း ပြတ်ပြတ်သားသား ငြင်းပယ်ထားပြီးဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

နျူကလီးယား လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်တစ်ရပ် ရယူရေးတွက် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ ဆွေးနွေးရာတွင် ပူးပေါင်းပါဝင်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံကို တောင်းဆိုထားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား ၂၀၁၀ ပြည့်နှစ်အတွင်း ရယူထားသည့် မဟာဗျူဟာလက်နက်များ ထိန်းချုပ်ရေးစာချုပ်မှာ ယခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် သက်တမ်း ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

ဘီအင်နီပီပါတီဥက္ကဋ္ဌ တာရစ်ရာမန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာဆို

ဒါကာ ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၂ ရက် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ (ဘီအင်နီပီ)ခေါင်းဆောင် တာရစ်ရာမန်သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်သစ်အဖြစ် တာရစ်ရာမန် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ၎င်းဦးဆောင်သည့်အစိုးရ အဖွဲ့သစ်မှ အစိုးရအဖွဲ့ဝင် ဝန်ကြီး ၄၉ ဦးတို့ကလည်း ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

ဘီအင်နီပီပါတီ ခေါင်းဆောင် တာရစ်ရာမန်၏ ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို ဒါကာမြို့ အမျိုးသားလွှတ်တော် အဆောက်အအုံ တောင်ဘက်ရင်ပြင်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ပြည်တွင်းရှိ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်များ၊ သံတမန်များ၊ အရပ်ဘက်နှင့် စစ်ဘက်တာဝန်ရှိသူများ၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန် အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၂ ရက် ဘင်္ဂလားဒေ့ရှ်အထွေထွေရွေးကောက်ပွဲတွင် တာရစ်ရာမန်၏ ဘီအင်နီပီပါတီသည် လွှတ်တော်အမတ်နေရာ စုစုပေါင်း၏ သုံးပုံ နှစ်ပုံထိ ရယူနိုင်ခဲ့သည်။

အသက် ၆၀ နှစ်ရှိ တာရစ်ရာမန်သည် ကွယ်လွန်သူ ဘင်္ဂလားဒေ့ရှ် အမျိုးသမီးဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာနှင့် လုပ်ကြံခံရမှုကြောင့် ကွယ်လွန်ခဲ့သော ဘင်္ဂလားဒေ့ရှ် သမ္မတဟောင်း ဇီရော်ရာမန်တို့၏သားဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အင်ဒိုနီးရှားအတွက် လေယာဉ်တင်သင်္ဘောတစ်စီး အီတလီအစိုးရ လက်ဆောင်အဖြစ်ပေးမည်

ဂျကာတာ ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ပထမဆုံး လေယာဉ်တင်သင်္ဘောကို ယခုနှစ်အတွင်း အီတလီနိုင်ငံမှ ရရှိမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဂီဆက်ပီဂါရီဘယ်လ်ဒီအမည်ရှိ လေယာဉ်တင်သင်္ဘောကို အီတလီနိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ ယခုနှစ်အတွင်း လက်ဆောင်အဖြစ် လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လေယာဉ်တင်သင်္ဘောကို အင်ဒိုနီးရှားအစိုးရက အင်ဒိုနီးရှားရေတပ်၏ လိုအပ်ချက်များနှင့် ကိုက်ညီမည့် လေယာဉ်တင်သင်္ဘောအဖြစ် ပြန်လည်ပြင်ဆင်မွမ်းမံမည်ဖြစ်ကြောင်း အင်ဒိုနီးရှား မီဒီယာများ၏ အဆိုအရသိရသည်။

ဂီဆက်ပီဂါရီဘယ်လ်ဒီ လေယာဉ်တင်သင်္ဘောကို အီတလီ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ ဖြစ်သော ဖင်စန်တီအာရီကုမ္ပဏီက တည်ဆောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် စတင်ရေချခဲ့သည်။

ဂီဆက်ပီဂါရီဘယ်လ်ဒီ လေယာဉ်တင်သင်္ဘောသည် ယခုနှစ် အောက်တိုဘာ ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနိုင်သည်ဟု အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

SCIENCE AND TECHNOLOGY

နာဆာက အားတီးမစ်-၂ မစ်ရှင်အတွက် ပြင်ဆင်မှုပြုလုပ်သည့်အနေဖြင့် SLS ဒုံးပျံလောင်စာရည်ဖြည့်သွင်းမှုကို ဒုတိယအကြိမ်ပြုလုပ်ရန်စီစဉ်ထား

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သည် အားတီးမစ်-၂ မစ်ရှင်အတွက် ပြင်ဆင်မှု ပြုလုပ်သည့်အနေဖြင့် SLS ဒုံးပျံ လောင်စာရည်ဖြည့်သွင်းမှုကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဒုတိယအကြိမ်ပြုလုပ်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၇ ရက်သတင်းများအရ သိရသည်။

အထက်ပါ အစီအစဉ်အရ ဇာတ်တိုက်လေ့ကျင့်မှု နှစ်ရက်တာကာလအတွင်း နာဆာအင်ဂျင်နီယာများသည် SLS ဒုံးပျံလောင်စာကန်ထဲသို့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ရည်နှင့် အောက်ဆီဂျင်ဓာတ်ငွေ့ရည် ဂါလန် ၇၀၀၀၀၀ ကျော်ကို ဖြည့်သွင်းရမည်ဖြစ်သည်။

နာဆာအဖွဲ့သည် SLS ဒုံးပျံ လောင်စာရည်ဖြည့်သွင်းမှု ပထမအကြိမ် ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၃၁ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ထိုသို့ဇာတ်တိုက်လေ့ကျင့်စဉ် လောင်စာရည်ယိုစိမ့်မှုပြဿနာကြောင့် ဇာတ်တိုက်လေ့ကျင့်မှုကို သတ်မှတ်ချိန်ထက်စော၍ ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

အကယ်၍ ဒုတိယအကြိမ် လောင်စာရည်ဖြည့်သွင်းမှု အောင်မြင်ခဲ့ပါက နာဆာအဖွဲ့အနေဖြင့် အားတီးမစ်-၂ မစ်ရှင်ကို လာမည့်မတ်လအတွင်း လွှတ်တင်နိုင်ရန် လမ်းစပွင့်ခဲ့ပြီဖြစ်သည်။

အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လကမ္ဘာအနီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နေအဖွဲ့အစည်းဝင် C/2024 E1 ကြယ်တံခွန်တစ်စင်းက ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့



ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

နေအဖွဲ့အစည်းဝင် C/2024 E1 ကြယ်တံခွန် တစ်စင်းသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း သိရသည်။

C/2024 E1 ကြယ်တံခွန်သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကမ္ဘာမြေပြင်ကို မိုင်ပေါင်း ၉၄ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်တံခွန်သည် နေကို ဇန်နဝါရီ ၁၀ ရက်တွင် အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ထပ်မံဖြတ်ကျော်ပျံသန်းခဲ့သည်။

C/2024 E1 ကြယ်တံခွန်သည် ဇန်နဝါရီ ၁၀ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ရာ ကြယ်တံခွန်၏ အလင်းအားမှာ လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ C/2024 E1 ကြယ်တံခွန်သည် လက်ရှိရယူထားသော ပတ်လမ်းအနေအထားအရ နေအဖွဲ့အစည်းပြင်ပ ကြယ်တာရာဟင်းလင်းပြင်အတွင်း ရောက်ရှိသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

C/2024 E1 ကြယ်တံခွန်ကို ပိုလန်သိပ္ပံပညာရှင် ကတ်စပါးဝီ ရာချော့က ၂၀၂၄ ခုနှစ် မတ် ၃ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်၌တူးဖော်ရရှိသည့် သက်တမ်းနှစ်ပေါင်း ၁ ဒသမ ၄ ဘီလီယံရှိ ဆားပုံဆောင်ခဲထဲတွင် ရှေးခေတ်လေပူဖောင်းများတည်ရှိနေမှုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

အော့တဝါ ဖေဖော်ဝါရီ ၁၈

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်၌ တူးဖော်ရရှိသည့် သက်တမ်းနှစ်ပေါင်း ၁ ဒသမ ၄ ဘီလီယံရှိ ဆားပုံဆောင်ခဲထဲတွင် ရှေးခေတ်လေပူဖောင်းများ တည်ရှိနေမှုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၇ ရက်သတင်းများအရ သိရသည်။

ကနေဒါသိပ္ပံပညာရှင်များသည် ဆားပုံဆောင်ခဲအတွင်းရှိအထက်ပါလေပူဖောင်းများကို အောင်မြင်စွာထုတ်ယူ၍ လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

သက်တမ်း နှစ်ပေါင်း ၁ ဒသမ ၄ ဘီလီယံရှိသည့် အထက်ပါလေပူဖောင်းများကို လေ့လာခြင်းဖြင့် မီဆိုပရိုတာရိုဇိုးအစ် ဘူမိခေတ် ကမ္ဘာ့လေထုလွှာအတွင်း အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်ပါဝင်မှုအဆင့်ကို တိုက်ရိုက်တိုင်းတာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း ကနေဒါသိပ္ပံပညာရှင်များက ပြောကြားသည်။

မီဆိုပရိုတာရိုဇိုးအစ်ဘူမိခေတ်သည် လွန်ခဲ့သည့်နှစ်ပေါင်း သုည ဒသမ ၈ ဘီလီယံနှင့် ၁ ဒသမ ၈ ဘီလီယံတို့ကြား တည်တံ့ခဲ့သော ဘူမိခေတ်ဖြစ်ကြောင်း၊ မီဆိုပရိုတာရိုဇိုးအစ်ဘူမိခေတ်သည် နှစ်ပေါင်း တစ်ဘီလီယံထိ ကြာမြင့်ခဲ့သော်လည်း ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ် မရှိသလောက်နည်းပါးခဲ့သော ဘူမိခေတ်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မီဆိုပရိုတာရိုဇိုးအစ်ဘူမိခေတ်အတွင်း ကမ္ဘာ့လေထုလွှာမှာ အပြောင်းအလဲများရှိနေပြီး ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်မှုအဆင့် မြင့်တက်လာကြောင်း ကနေဒါ သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

HEALTH

ဆီးအိတ်ကင်ဆာလူနာများ၏ ဘဝသက်တမ်းကို ဆေးဝါးသစ်တစ်မျိုးဖြင့် ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၈

ဆီးအိတ်ကင်ဆာလူနာများ၏ ဘဝသက်တမ်းကို ဆေးဝါးသစ်တစ်မျိုးဖြင့် ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Durvalumab အမည်ရှိ အထက်ပါဆေးသစ်သည် ကြွက်သားများဆီသို့ ကင်ဆာဆဲလ်များကူးစက်ပျံ့နှံ့နေသော ဆီးအိတ်ကင်ဆာရောဂါ အခြေအနေဆိုးလာမှုကို တားဆီးပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Durvalumab ဆေးကို ဆီးအိတ်ကင်ဆာလူနာ ဦးရေ ၁၀၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Durvalumab ဆေးဖြင့် ကုသမှုခံယူထားသူများသည် ပုံမှန်ကုထုံးများရယူထားသူများနှင့် နှိုင်းယှဉ်ပါက ရောဂါတိုးလာနိုင်ခြေ ၃၂ ရာခိုင်နှုန်း ပို၍နည်းပါးသွားတတ်ကြောင်း သိရသည်။

အထူးသဖြင့် Durvalumab ဆေးသည် Muscle-Invasive Bladder Cancer(MIBC) ခေါ်ကြွက်သားများထိ ကင်ဆာဆဲလ်များရောက်ရှိနေသည့် ဆီးအိတ်ကင်ဆာအတွက် ထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

သွားကို မှန်မှန်ကန်ကန်တိုက်ခြင်းဖြင့် ကျန်းမာရေးပြဿနာ ၅၀ ကျော်ကို တားဆီးပေးနိုင်

နယူးယောက် ဖေဖော်ဝါရီ ၁၈

သွားကို မှန်မှန်ကန်ကန်တိုက်ခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia)၊ သွေးလေးဖက်နာရောဂါနှင့်ပါကင်ဆန်ရောဂါအပါအဝင် ကျန်းမာရေးပြဿနာ ၅၀ ကျော်ကို တားဆီးပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

အာခံတွင်း ဘက်တီးရီးယားများကြောင့် ပေါ်ထွက်လာသည့် ရောင်ရမ်းမှုများနှင့် ကူးစက်ရောဂါများသည် အခြားကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ အာခံတွင်းကျန်းမာရေးသည် အရိုးအဆစ်၊ ဦးနှောက်နှင့် အစာခြေလမ်းကြောင်းစနစ် အပါအဝင် ကိုယ်တွင်းအင်္ဂါများနှင့် တစ်ရှူးများအပေါ် သက်ရောက်မှုရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွားကျန်းမာရေးကို သင့်လျော်သည့် နည်းလမ်းများဖြင့် ထိန်းသိမ်းပါက ရောဂါအမျိုးအစား ၅၀ ကျော်တို့ဖြစ်နိုင်ခြေကို တားဆီးနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အာခံတွင်း ကျန်းမာရေးနှင့် ဆက်စပ်နေသော ရောဂါများထဲတွင် နှလုံးရောဂါ၊ လေဖြတ်မှုနှင့် ဆီးချိုရောဂါတို့လည်း ပါဝင်ကြောင်း၊ ထိုနည်းတူ အာခံတွင်းကျန်းမာရေးသည် အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိပြီး အူမကြီးရောင်ရမ်းမှုရောဂါနှင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

တိုက်စစ်မှူး ဒီလက် ချဲလ်ဆီးအသင်းမှ လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် ထွက်ခွာရန်စီစဉ်နေ

လန်ဒန် ဖေဖော်ဝါရီ ၁၈

ယခုနှစ် ဘောလုံးရာသီတွင် အစ်ဂုစ်အသင်းမှ ချဲလ်ဆီးအသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ရောက်ရှိလာသည့် တိုက်စစ်မှူး ဒီလက်သည် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသောကြောင့် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် စီစဉ်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ၔင်းသည် ချဲလ်ဆီးအသင်းသို့ ရောက်ရှိလာပြီးနောက် ပရီးမီးယားလီဂ်ပြိုင်ပွဲ ၁၇ ပွဲတွင် ကိုးပွဲထိ ပွဲထွက်ခွင့် စတင်ရရှိခဲ့သော်လည်း သွင်းဂိုးတစ်ဂိုးသာ သွင်းယူထားသောကြောင့် အသင်းတာဝန်ရှိသူများက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အပြီးသတ် ဝယ်ယူခွင့်ပါသည့် အင်္ဂြိတ်စားချုပ်ဖြင့် ပရီးမီးယားလီဂ် အသင်းတစ်သင်းထံ စေလွှတ်ရန် စီစဉ်ထားသဖြင့် ဒီလက်အနေဖြင့် ချဲလ်ဆီးအသင်းမှထွက်ခွာရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းနှင့် ဒီလက်တို့၏ အခြေအနေကိုစောင့်ကြည့်နေသည့် အသင်းအများအပြားရှိနေပြီး ၔင်းကိုခေါ်ယူရန် မန်ယူအသင်း၊ နယူးကာဆယ်အသင်း၊ အဲဗာတန်အသင်း၊ ဘရိုက်တန်အသင်း၊ ဆန်းဒါးလန်းအသင်းတို့က အပြိုင်ကြိုးပမ်းနေသောကြောင့် ဒီလက်သည် ချဲလ်ဆီးအသင်းမှထွက်ခွာခဲ့ပါက ပရီးမီးယားလီဂ်ကလပ် အသင်းများသို့သာ ပြန်လည်ပြောင်းရွှေ့ရန် သေချာနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

ပက်ကွိအိုက လာမည့်ဧပြီလတွင် ရုစလန်းနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

လက်စ်ဗီးဂတ်စ် ဖေဖော်ဝါရီ ၁၈

မတူညီသော ဝိတ်တန်း ရှစ်ခု၏ ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီအိုသည် လာမည့် ဧပြီ ၁၈ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့၌ ရှရားလက်ဝှေ့သမားရုစလန်းနှင့် ထိုးသတ်မည်ဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ကွီအိုသည် လက်ဝှေ့လောကမှ အနားယူခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် WBC ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံအတွက် အမေရိကန်လက်ဝှေ့သမား ဘာရီယိုနှင့် ထိုးသတ်ခဲ့ရာ သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့ပြီး အဆိုပါပွဲစဉ်အပြီး အနားယူနေသူဖြစ်သော်လည်း ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

Banner Promotion ကုမ္ပဏီက "ပက်ကွီအိုဟာ လက်ဝှေ့လောကထဲ ပြန်လည်ဝင်ရောက်လာပြီးတော့ ဧပြီ ၁၈ ရက်မှာ ရုစလန်းနဲ့ ထိုးသတ်သွားဖို့အတွက် သဘောတူညီချက်မှာ လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

ပက်ကွီအိုက "လက်ဝှေ့အားကစားနဲ့ပဲ ဖိလစ်ပိုင်နိုင်ငံရဲ့ ဂုဏ်ကို ဆောင်နိုင်အောင် ကျွန်တော့် ကစားသမားဘဝတစ်လျှောက်လုံး ကြိုးစားလာခဲ့တာပါ။ ဖိလစ်ပိုင်ပရိသတ်တွေနဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျွန်တော့် ပရိသတ်တွေရဲ့ အားပေးမှုကြောင့် အခုချိန်ထိ လက်ဝှေ့အားကစား လောကမှာ ဆက်လက်ကျင်လည်နိုင်တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ Ref : Boxing Scene

Trs : AZL

မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၆ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်က ကြီးမှူးမှု SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar) တို့မှ အဓိကကူညီပံ့ပိုးသော မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ၂၀၂၆ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်၊ Phyo Si Thu Teak Plantation (Myanmar)၊ SAE PAING Development Ltd တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်ဂေါက်ကွင်းမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် နာယကဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar ဥက္ကဋ္ဌ ဦးအောင်ကိုဇော်၊ မြန်မာနိုင်ငံဂေါက်သီးရိုက် အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar အတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်း၊ Junior Golf Myanmar တွဲဖက်အတွင်းရေးမှူး ဦးချစ်ဆွေတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ကစားသမား ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မျိုးဆက်သစ် ဂေါက်သီးရိုက် အားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ယနေ့မှစတင်ပြီး ဖေဖော်ဝါရီ ၂၀ ရက်ထိ သုံးရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားကြောင်း တိုက်ဂါးဝုဒ်က ပြောကြား

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၈

ဂေါက်သီးရိုက် လောက၏ အအောင်မြင်ဆုံး ဂေါက်သီးရိုက်ကစားသမားဖြစ်သူ အမေရိကန် ဂေါက်သီးရိုက် ကစားသမား တိုက်ဂါးဝုဒ်သည် လာမည့် ဧပြီလတွင်ကျင်းပမည့် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်ဟု Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ်သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူကာ အနားယူနေရသူဖြစ်ပြီး ဒဏ်ရာအခြေအနေ ကောင်းမွန်လာ၍ ကြံ့ခိုင်မှုလေ့ကျင့်ရေးအစီအစဉ်များ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒဏ်ရာပြဿနာဖြင့် မကြာခဏ ရင်ဆိုင်နေရသည့် တိုက်ဂါးဝုဒ်အနေဖြင့် အနားယူရန်အစီစဉ်မရှိသေးသည့်သို့ The Masters ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် စတင်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၅၀ ရှိ တိုက်ဂါးဝုဒ်က "နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားလို့ အိမ်မှာပဲအနားယူနေပါတယ်။ ဒဏ်ရာအခြေအနေကတော့ တိုးတက်မှုရှိပါတယ်။ အခုဆိုရင် ကြံ့ခိုင်မှုလေ့ကျင့်ခန်းတွေတောင်ပြုလုပ်နေပါပြီ။ဒဏ်ရာပြဿနာတွေနဲ့ မကြာခဏရင်ဆိုင်နေရသလို အသက်အရွယ်အရလဲ အရင်လို မကစားနိုင်တော့ပါဘူး။ ဒါပေမဲ့ ဂေါက်သီးရိုက်လောကကို စွန့်ခွာဖို့အစီစဉ်မရှိသေးတဲ့အတွက် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ဖို့ ပြင်ဆင်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ Ref : Deadspin

Trs : AZL

နယူးကာဆယ်အသင်းက မန်စီးတီးအသင်းခေါ်ယူလိုနေသည့် လီဗရာမန်တိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ သတ်မှတ်

လန်ဒန် ဖေဖော်ဝါရီ ၁၈

နယူးကာဆယ် အသင်းက မန်စီးတီးအသင်း ခေါ်ယူလိုနေသည့် အသင်းမှလူငယ်ခံစစ်ကစားသမား လီဗရာမန်တိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ သတ်မှတ်ထားကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ လီဗရာမန်တိုသည် ဆောက်သမ်တန်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ဆောက်သမ်တန်အသင်းတွင် နှစ်ရာသီသာကစားခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

လီဗရာမန်တိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက နယူးကာဆယ်အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ အဓိက ကစားသမားဖြစ်ပါဝင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း အဓိက ကစားသမားတစ်ဦးအဖြစ်ခြေစွမ်းပြသနေသည့်အတွက် မန်စီးတီးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အဓိကပစ်မှတ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းက အဓိက လူငယ်ကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် ကာလရှည် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းနေသော်လည်း လီဗရာမန်တိုကိုယ်တိုင်က မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်ထားသဖြင့် အသင်းတွင် ထိန်းသိမ်းရန် ခက်ခဲသည့်အခြေအနေများကြောင့် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ ထိ သတ်မှတ်ထားကြောင်း သိရသည်။ Ref : Fotmob

Trs : STA

Qatar Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် အနိုင်ရ

ဒိုဟာ ဖေဖော်ဝါရီ ၁၈

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်နှင့် ပြင်သစ် တင်းနစ်ကစားသမား ရင်ဒက်နက်ချ်တို့ယှဉ်ပြိုင်ခဲ့ရာ အယ်ကာရက်ဇ်က(၆-၄ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့တက်လှမ်းခဲ့ကြောင်းTennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ် အနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ပစ်မှတ်ထားနေပြီး ကမ္ဘာ့အဆင့်(၂) အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည်လည်း Qatar Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့်အတွက် အယ်ကာရက်ဇ်အနေဖြင့် ရလဒ်ကောင်းရရှိရန် လိုအပ်နေသည်။

အယ်ကာရက်ဇ်က "ဂျွန်တော့်အတွက် ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ရင်ဒက်နက်ချ်ဟာ ပြိုင်ဘက်တိုင်းအတွက် အန္တရာယ်ရှိတဲ့ ကစားသမားတစ်ယောက်ပါ။ ပထမပွဲငယ်မှာ အဆင်ပြေပြေနဲ့ အနိုင်ရခဲ့ပေမဲ့ ဒုတိယပွဲငယ်မှာတော့ tie-break ထိ ကစားခဲ့ရတယ်။ ခက်ခဲတဲ့ပွဲစဉ်ကိုအနိုင်ရပြီး ဒုတိယအဆင့်ကို တက်လှမ်းနိုင်ခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL

ဘုန်းမောက်အသင်းမှ ဆီနီစီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် စပါးနှင့် ဘာစီလိုနာတို့ အပြိုင်ကြိုးပမ်းနေ

လန်ဒန် ဖေဖော်ဝါရီ ၁၈

ဘုန်းမောက်အသင်းနှင့် စာချုပ်သက်တမ်းခြောက်လသာ ကျန်ရှိတော့သည့် အသက် ၂၈ နှစ်ရှိ ခံစစ်ကစားသမား ဆီနီစီကို ပရီးမီးယားလီဂ်ကလပ် စပါးအသင်းနှင့် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းတို့က လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူနိုင်ရန် အပြိုင်ကြိုးပမ်းနေကြကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဆီနီစီသည် ဘုန်းမောက်အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းဆိုထားသောကြောင့် ၎င်းကိုခေါ်ယူမည့် အသင်းအများအပြားရှိနေပြီး စပါးအသင်းနှင့် ဘာစီလိုနာအသင်းတို့က အပြိုင်ခေါ်ယူနိုင်ရန် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

စပါးအသင်းသည် ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ရလဒ်များကောင်းမွန်နေသော်လည်း ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် အဆင့် ၁၆ ထိ ရောက်ရှိခဲ့ကာ တန်းဆင်းဇုန် အန္တရာယ်နှင့် ရင်ဆိုင်နေရသကဲ့သို့ ဘာစီလိုနာအသင်းကလည်း ခံစစ်ပိုင်းမှ အသက်အရွယ်ရလာသည့် ခရစ်စတန်ဆန်နှင့် ဂါစီယာတို့၏ နေရာတွင် အစားထိုးနိုင်မည့် ခံစစ်ကစားသမားဆီနီစီကို ခေါ်ယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆီနီစီသည် အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ၂၇ ပွဲတွင် ဂိုးဖန်တီးမှု လေးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : ML

၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကစားသမားရောင်းချမှုမှ ဝင်ငွေအများဆုံးရရှိသည့် ကလပ်အသင်းအဖြစ် ဘင်ဖီကာအသင်း ထိပ်ဆုံးတွင်ရပ်တည်

လစ္စဘွန်း ဖေဖော်ဝါရီ ၁၈

၂၀၀၀ ပြည့်နှစ် နောက်ပိုင်း အပြောင်းအရွှေ့ ကာလများတွင် ကစားသမား ရောင်းချမှုများမှ ဝင်ငွေအများဆုံး ရရှိထားသည့် ကလပ်အသင်းအဖြစ် ဘင်ဖီကာအသင်းက ထိပ်ဆုံးတွင်ရပ်တည်နေကြောင်း Transfer Market သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Transfer Market ၏ စစ်တမ်းကောက်ဖော်ပြချက်အရ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အပြောင်းအရွှေ့ကာလများတွင် ကစားသမားရောင်းချမှုများမှ ဝင်ငွေအများဆုံးရရှိထားသည့် ကလပ်အသင်းအဖြစ် ဘင်ဖီကာအသင်းက ယူရို ၈၇၁ သန်း ထိရရှိခဲ့ပြီး ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘင်ဖီကာအသင်းသည် မထင်မရှား လူငယ်ကစားသမားများကို ခေါ်ယူပြီး အသင်းတွင် ပြုစုပျိုးထောင်ကာ ထိပ်တန်းကစားသမားများဖြစ်အောင် လုပ်ဆောင်ခဲ့ပြီးနောက် အပြောင်းအရွှေ့ကာလများတွင် မြင့်မားသည့် ပြောင်းရွှေ့ကြေးများဖြင့် ရောင်းချခဲ့ကာ အသင်းဝင်ငွေအမြောက်အမြားကို ရှာဖွေနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၀၀ ပြည့်နှစ် နောက်ပိုင်း အပြောင်းအရွှေ့ ကာလများတွင် ကစားသမားရောင်းချမှုမှ ဝင်ငွေအများဆုံးရရှိသည့် ကလပ်အသင်း ၁၀ သင်းစာရင်း၌ ဘင်ဖီကာအသင်းနောက်တွင် ဒေသတွင်း ပြိုင်ဘက် ပေါ်တိုအသင်းက ယူရို ၇၃၂ သန်း၊ အေဂျင်အသင်းက ယူရို ၆၇၇ သန်း၊ လိုင်လီအသင်းက ယူရို ၅၅၁ သန်း၊ ဆဲလ်ဘတ်အသင်းက ယူရို ၄၆၁ သန်း၊ စပို့တင်းလစ္စဘွန်းအသင်းက ယူရို ၄၂၈ သန်း၊ အူဒီးနီးစ်အသင်းက ယူရို ၃၇၈ သန်း၊ ဆန်းတို့စ်အသင်းက ယူရို ၃၆၈သန်း၊ ဒိုင်နမိုဇာဂရက်အသင်းက ယူရို ၃၆၆ သန်း၊ ရေးဗားပလိတ်အသင်းက ယူရို ၃၆၃ သန်းဖြင့် ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : Transfer Market

Trs : STA

ဆော်ဒီပရိုလိဂ်အဖွဲ့ချုပ်က ဆော်ဒီအာရေဗျနိုင်ငံတွင် မန်ယူအသင်းကို စတာလင်ပေါင် ၁၈ သန်းဖြင့် ခြေစမ်းပွဲ လာရောက်ကစားရန်ကမ်းလှမ်း

ရီယာဒ် ဖေဖော်ဝါရီ ၁၈

ဆော်ဒီပရိုလိဂ် အဖွဲ့ချုပ်က မန်ယူအသင်းကို ဆော်ဒီအာရေဗျနိုင်ငံတွင်လာရောက်ပြီး စတာလင်ပေါင် ၁၈ သန်းဖြင့် ခြေစမ်းပွဲ လာရောက် ကစားရန်အတွက် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့ကြောင်း Time သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီပရိုလိဂ် အဖွဲ့ချုပ်က လာမည့် ဇူလိုင်လသို့မဟုတ် သြဂုတ်လတွင် မန်ယူအသင်းကို ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ လာရောက်ပြီး ခြေစမ်းပွဲကစားရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲအများစုနှင့်လွဲချော်ခဲ့ပြီး အသင်းဝင်ငွေများ လျော့နည်းခဲ့သည့်အတွက် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ရာသီကြိုခြေစမ်းပွဲစဉ်များ ကစားကာ အသင်းဝင်ငွေရှာဖွေရန် ပြင်ဆင်နေပြီး ဆော်ဒီပရိုလိဂ်အဖွဲ့ချုပ်၏ ကမ်းလှမ်းမှုကို လက်ခံဖွယ်ရှိနေသည်။

ဆော်ဒီပရိုလိဂ် အဖွဲ့ချုပ်က မန်ယူအသင်းကို ဆော်ဒီအာရေဗျနိုင်ငံတွင် လာရောက်ကစားရန် ကမ်းလှမ်းမှုတစ်ရပ် လုပ်ဆောင်ထားသော်လည်း မည်သည့်အသင်းနှင့်ကစားမည်ကိုဖော်ပြခြင်းမရှိခဲ့ဘဲ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများဖြင့် စုဖွဲ့ထားသည့် All Star အသင်းနှင့် ကစားရဖွယ် ရှိနေသည့်အတွက် ခြေစမ်းပွဲ ကစားဖြစ်မည်ဆိုပါက စီရော်နယ်ဒိုအနေဖြင့် အသင်းဟောင်း မန်ယူအသင်းနှင့် ပြိုင်ဘက်အဖြစ် ပြန်လည် ရင်ဆိုင်ရမည် ဖြစ်ကြောင်း သိရသည်။

Ref : Time

Trs : STA

ရက်ဖို့ဒ်၏အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့ ဆွေးနွေးမှုများ စတင်

မန်ချက်စတာ ဖေဖော်ဝါရီ ၁၈

မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် တိုက်စစ်ကစားသမား ရက်ဖို့ဒ်၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ စတင်ပြုလုပ်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရက်ဖို့ဒ်သည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး ထိပ်တန်းကစားသမားတစ်ဦးအဖြစ်ရပ်တည်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြဟောင်း အာမိုရင် လက်အောက်တွင် ပွဲကစားခွင့် မရရှိသည့်အတွက် အေဗီလာအသင်းထံ ရာသီဝက် အင့်ချားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ရက်ဖို့ဒ်သည် အေဗီလာအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် မန်ယူအသင်းနှင့်ပြန်လည်ပူးပေါင်းခြင်းမရှိခဲ့ဘဲ ၂၀၂၅ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းထံ ရာသီဝက်အင့်ချားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ရက်ဖို့ဒ်၏ အင့်ချားစာချုပ်တွင် ခြေစွမ်းပိုင်းကို နှစ်သက်မည်ဆိုပါက အင့်ချားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူနိုင်မည်ဟုပါရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းတွင် နည်းပြအာမိုရင် ထွက်ခွာခဲ့သော်လည်း ရက်ဖို့ဒ်က မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းလိုခြင်း မရှိဘဲ ဘာစီလိုနာအသင်းသို့သာ အပြီးသတ် ပြောင်းရွှေ့ကစားလိုသူဖြစ်သည်။ သို့သော် မန်ယူအသင်းကလည်း ၎င်းကိုအသင်းထံ ပြန်လည်ခေါ်ယူလိုနေသည့်အတွက် ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့ကြား ရက်ဖို့ဒ်၏အနာဂတ်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

Ref : One Football

Trs : STA

ခရီးသွားစုံနော် မြို့လှိုင်ကော်

ခရီးသွားဆောင်းပါး

ဇင်မင်းထွေး(ဗန်းမော်)

လှိုင်ကော်မြို့ကိုအလည်လာဖို့ ငယ်သူငယ်ချင်းဖြစ်သူက ဖိတ်ခေါ်ပါတယ်။ လှိုင်ကော်မြို့မှာ သူတာဝန်ထမ်းဆောင်ချိန် အလည်ခေါ်နေတာပါ။ ကျွန်တော် အလုပ်အားတဲ့တစ်နေ့မှာ သူငယ်ချင်းက လှိုင်ကော်မြို့ကို လိုက်ခဲ့ဖို့ ကားနဲ့လာခေါ်ပါတယ်။

ဟိုပုံး-လှိုင်ကော်ကားလမ်းမှာ မြေပြန့်ဒေသဖြစ်ပါတယ်။ တောင်ဆင်းတောင်တက်မရှိဘဲ အကွေ့အကောက်နည်းတယ်။ လမ်းဘေးဝဲယာမှာ ပြောင်းဖူးခူးနေကြတဲ့ ကယားလူမျိုးတွေကို တွေ့ရပါတယ်။ မြေယာကို ခင်တွယ်စွာနဲ့ ရိုးရိုးသားသားအသက်မွေးဝမ်းကျောင်းပြုရင်း ဘဝခရီးကို နှင်နေကြသူတွေဖြစ်တယ်။ နီစွေးတဲ့မြေသားထက်မှာ ပြောင်းဖူးခင်း၊ ပန်းနှမ်းခင်းတို့က ဝါတစ်ကန့်၊ စိမ်းတစ်ကန့်နဲ့လှပနေပါတယ်။ မိုးကုတ်စက်ဝိုင်းရဲ့အဆုံးမှာ တောင်တန်းတွေနဲ့အနားသတ်ထားတဲ့မြင်ကွင်းက ကျွန်တော့်ကို ဖမ်းစားနေပါတယ်။

ကျွန်တော်တို့ကားလေးမှာ လမ်းပေါ် ဖြည်းဖြည်းမှန်မှန်သွားနေပါတယ်။ သူငယ်ချင်းက လှိုင်ကော်မြို့အကြောင်းကို သေသေချာချာသိရှိထားသူဖြစ်ပါတယ်။ သူက "လှိုင်ကော်မြို့ရဲ့ မြို့တည်မူလ အမည်ရင်းမှာ "ဆီရိဒေါ"ဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်မှာ ဦးသီရိဆိုသူက ဆီအိုးလေးလုံးမှာ ဆီအပြည့်ထည့်ပြီး မြို့လေးထောင့်မှာ မြှုပ်နှံခဲ့ကြောင်း၊ မြို့ဦးမှာ မြို့နံသင့်စေတီတည်ထားပြီး မြို့တွင်းမှာ ဘုန်းကြီးကျောင်းတွေတည်ဆောက်ခဲ့ကြောင်း၊ မြို့ပတ်လည်မှာ ကျုံး၊ မြောင်း၊ ခံကတုတ်တွေ ဆောက်လုပ်ခဲ့ကြောင်း၊ မြို့ရဲ့အနောက်တောင်ထောင့်မှာ သရီ့ုင်းနေရာ သတ်မှတ်ခဲ့ကြောင်း၊ ဒါကြောင့် မြို့တည်သူ ဦးသီရိကိုအစွဲပြုပြီး "ဆီရိဒေါ" လို့ခေါ်ဆိုကာ ကယားဘာသာစကားမှာ သီရိကို ဆီရိလို့အသံထွက်ပြီး မြို့ကို ဒေါလို့ခေါ်ဆိုကြောင်း၊ ဒါကြောင့် ဆီရိဒေါဆိုသည်မှာ ဦးသီရိတည်ထောင်ခဲ့တဲ့မြို့လို့ အဓိပ္ပာယ်ရကြောင်း" ရှင်းလင်းပြောပြပါတယ်။

ဆီရိဒေါမြို့ကို ရှမ်းလူမျိုးတို့ ဝင်ရောက်နေထိုင်တဲ့အခါ ဘီလူးချောင်းဘေးမှာ တသီးတခြားတည်ရှိတဲ့ တောင်ကိုအစွဲပြုပြီး "လှိုင်ခေါ်"လို့ ခေါ်ဆိုကြောင်း၊ ရှမ်းဘာသာစကားမှာ "လှိုင်"ဆိုတာက တောင်ဖြစ်ပြီး "ခေါ်"မှာ သီးခြားတည်ရှိတာကို ဆိုလိုကြောင်း"ရှင်းပြပါတယ်။

ကယားလူမျိုးတို့ရဲ့အကြောင်းကို သူငယ်ချင်းက "ကယားလူမျိုးဆိုတာက လူနဲ့ငှက်အမျိုးအနွယ်ဖြစ်တဲ့ ကိန္နရီ၊ ကိန္နရာတို့ကနေ ဆင်းသက်ပေါက်ဖွားလာတယ်လို့ယုံကြည်ကြကြောင်း၊ အင်္ဂလိပ်လက်ထက်ကစပြီး ကရင်နီလို့ခေါ်ဆိုကြောင်း၊ မင်းတုန်းမင်းနဲ့ အောက်မြန်မာပြည် ဝန်ရှင်တော်မင်းကြီး အာသာဖယ်ရာတို့ရဲ့ သဘောတူစာချုပ်အရ ကရင်နီနယ်ကို သီးခြားလွတ်လပ်တဲ့နယ်မြေအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း၊ ကရင်နီနယ်မှာ ကိုလိုနီခေတ်က လွတ်လပ်တဲ့ကြားနယ်မြေတစ်ခုဖြစ်ပြီး ကယားဆိုတဲ့အဓိပ္ပာယ်မှာ ကယားဘာသာစကား "ကယားလိ"အရ လူသားလို့ ခေါ်ဆိုကြောင်း၊ ကယားလူမျိုးတို့ဟာ အရပ်အမောင်း ငါးပေကျော်ရှိပြီး မျက်လုံး၊ မျက်ခုံးကောင်းကာ နှာတံအနေတော်ဖြစ်ကြောင်း၊ မေးရိုးဝိုင်းပြီး အသားညိုကြောင်း၊ ယောကျ်ားတွေက ဆံထုံးထုံးကြပြီး အဖြူရောင်ခေါင်းပေါင်းကို ပေါင်းကြကြောင်း၊ အမျိုးသမီးတွေကလဲ ဆံထုံးထုံးပြီး အနီရောင်ပုဝါကို ခေါင်းပေါင်းထားကြောင်း၊ အနီရောင် ဒါမှမဟုတ် အနက်ရောင်လက်ပြတ်အင်္ကျီကို ဝတ်ဆင်ကြကြောင်း၊ အနီရောင် ဒါမှမဟုတ် အနက်ရောင်ခြုံထည်ကို လွှမ်းခြုံထားကြကြောင်း၊ ငါးပေလောက်ရှည်တဲ့ အဖြူရောင်ခေါင်းစည်းကိုလဲ စည်းလေ့ရှိကြကြောင်း၊ အနက်ရောက်သင်တိုင်းကိုဝတ်ပြီး ခြေသလုံးမှာ သစ်စေးသုတ်ထားတဲ့ ကြိုးခွေတွေပတ်လေ့ရှိပြီး ငွေနားဆွဲ၊ ငွေနားတောင်းတွေ ပန်ဆင်ကြကြောင်း၊ ငွေလက်ကောက်ကို ဝတ်ဆင်ကြကြောင်း၊ ငွေဆံထိုးကိုထိုးပြီး ခြေချင်းဝတ်မှာ ပုတီးစေ့တွေ သီကုံးပြီး ဝတ်ဆင်ထားလေ့ရှိကြောင်း၊ ကယားတို့မှာ ရိုးရာနတ်နဲ့ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး တံခွန်တိုင်နတ်ကွန်းမှာ အဓိကကျကြောင်း၊ ရာသီပွဲတွေအနေနဲ့ ကောက်ညှင်းထုပ်ပွဲ၊ တံခွန်တိုင်ပွဲ၊ စပါးပုတ်ပွဲ၊ အိမ်တက်မင်္ဂလာပွဲနဲ့ တောလိုက်ပွဲများဖြစ်ကြောင်း၊ ဗုံတို၊ ဗုံရှည်၊ မောင်း၊ လင်းကွင်း၊ ပလွေ စတဲ့တူရိယာတွေကိုသုံးပြီး တံခွန်တိုင်အက၊ အိမ်တက်မင်္ဂလာ

ကယားမြို့ည့်နယ် လှိုင်ကော်မြို့ရှိ တောင်ကွဲစေတီကို တွေ့ရစဉ်။

အက၊ ဒီကူးအက၊ ဝါးညှပ်အက၊ ဆွမ်းယင်အကနဲ့ နိုင်အကတွေကို ကလေ့ရှိကြောင်း" ရှင်းပြပါတယ်။

ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်ဟာ စကားစမြည်ပြောဆိုလာရင်း ကားကိုမောင်းလာတဲ့အခါ တောင်ကွဲစေတီကို ရောက်ပါတယ်။ လှိုင်ကော်မြို့ရဲ့ ထင်ရှားတဲ့တောင်ကွဲစေတီလို့ ပြောရမှာဖြစ်ပါတယ်။ မြို့ရဲ့တောင်ဘက်မှာတည်ရှိပြီး လှိုင်ကော်မြို့ကိုရောက်တာနဲ့ တွေ့မြင်နိုင်ပါတယ်။ ၁၉၇၀ ပြည့်နှစ်ကစပြီး သီရိတောင် ဒါမှမဟုတ် မင်္ဂလာသီရိတောင်လို့ခေါ်ခဲ့ပါတယ်။ ယခုအခါမှာတော့ တောင်ရဲ့ တည်နေပုံကိုလိုက်ပြီး အနယ်နယ်အရပ်ရပ်မှ လူအများက တောင်ကွဲတောင်၊ တောင်ကွဲစေတီလို့ ခေါ်ဆိုနေကြပါတယ်။ တောင်ပေါ်ကိုတက်တဲ့အခါ ကျဉ်းမြောင်းတဲ့လမ်းသွယ်တွေရှိပြီး ခတ်လေ့ကားလဲ စီစဉ်ထားပါတယ်။ အချို့နေရာမှာ မတ်စောက်တာကြောင့် တောင်တစ်ခုနဲ့တစ်ခုကို တံတားငယ်တွေ ထိုးပေးထားပါတယ်။ ထူးခြားတာက အခြားတောင်တွေလို တောင်တစ်လုံးတည်းမဟုတ်ဘဲ တောင်ချွန်၊ တောင်ထွတ်တွေက တစ်နေရာတည်း စုစည်းပေါ်ထွက်နေပါတယ်။ တောင်ထွတ်တစ်ခုစီတိုင်းမှာ ကျယ်ဝန်းမှုမရှိပေမဲ့ တောင်ထွတ်တစ်ခုကနေတစ်ခုကိုကူးပြီး ဖူးမြော်ရသည်မှာ ဆွဲဆောင်မှုတစ်ခုဖြစ်ပါတယ်။ တောင်ကွဲစေတီမှာ အမြင့် ၃၈၇ ပေရှိပြီး သဘာဝကျောက်တောင်ထွတ်ကိုးခု တည်ရှိနေပါတယ်။ တောင်ထွတ်တစ်ခုစီတိုင်းမှာ စေတီငယ်လေးတွေတည်ထားပြီး ပြည်လုံးချမ်းသာ၊ ရွှေယပ်တောင်၊ ရွှေရင်အေး၊ ကျောက်သမ္မာန်၊ အောင်တော်မှူ၊ ဆုတောင်းပြည့်၊ အောက်ကျိုက်ထီးရိုး၊ အထက်ကျိုက်ထီးရိုးနဲ့ ရွှေပြည်အေးဆိုပြီး ဘွဲ့အမည်တွေ ပေးထားပါတယ်။ တောင်ပေါ်ကနေပြီး လှိုင်ကော်မြို့ရဲ့အလှကို အပေါ်စီးကနေ ရှုမြင်နိုင်ပါတယ်။

ဆက်လက်ပြီး တောင်ကွဲစေတီကနေ ဒီမော့ဆိုမြို့လေးကို သွားကြပါတယ်။ မိနစ် ၄၀ လောက်ကားမောင်းလာခဲ့ပြီး ဒီးမော့ဆိုမြို့လေးကို ရောက်ပါတယ်။ အလွယ်ခေါ်နေကြတာကတော့ ဒီမောဆိုးပေါ့။ ကျွန်တော်ကတော့ ဒီအမည်ကို မနှစ်သက်ပါဘူး။ မြို့တစ်မြို့ရဲ့အမည်ကို အလွယ်မပြောသင့်၊ အလွယ်မရေးသင့်ဘူးဆိုတာကိုလဲ စဉ်းစားမိပါတယ်။ ဒီးမော့ဆိုမြို့လေးမှာ ကယားပြည်နယ်ရဲ့ဂုဏ်ဆောင်ငွေတောင်ဆည် တည်ရှိပါတယ်။ ငွေတောင်ချောင်းရဲ့ ချောင်းလက်တံတစ်ခုကို မြေသားတမံအဖြစ် တည်ဆောက်ထားတာပါ။ စိုက်ပျိုးရေးနဲ့ သောက်သုံးရေအတွက် အားထားရတဲ့ ဆည်ကြီးတစ်ခုဖြစ်ပါတယ်။ ဆည်တစ်ခုဖြစ်ပေမဲ့ ကန်ပေါင်လေးနဲ့ အပန်းဖြေစရာနေရာလေးတစ်ခုလို ဖြစ်နေတာက သိပ်ကို ဆွဲဆောင်မှုရှိပါတယ်။ စျေးလာရောင်းတဲ့ ပဒေါင်အမျိုးသမီးတွေရဲ့ ရိုးရာဝတ်စုံနဲ့ ကြေးကွင်းတွေစွပ်ပြီး စျေးရောင်းချတဲ့ပုံရိပ်ကို တွေ့ရပါတယ်။

ဒီးမော့ဆိုမြို့နယ်ထဲမှာ ထီးပွင့်ကန် သို့မဟုတ် သစ္စာကန်ဆိုတဲ့ ရေကန်ရှိပါတယ်။ ထီးပွင့်ချိန်ဆိုရင် ရေကန်ကြီးထဲမှာ ထီးပုံစံအကွင်းကြီးတွေဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ရောက်ချိန် ထီးပွင့်တဲ့ပုံစံတွေ့ခဲ့ရပါတယ်။ ဘုမိဗေဒသဘောအရ မီးတောင်ဟောင်းတစ်ခုရဲ့ ထိပ်ဝဖြစ်ပုံရတဲ့ ဒီကန်ရေပြင်မှာ ထီးပွင့်သဏ္ဌာန်သဲနုန်းမြေတက်လာလေ့ရှိတာလို့လဲ ပြောကြပါတယ်။ ထီးပွင့်ကန်ဟာ အလျား ၂၂၇ ပေနဲ့ အနံ ၁၁၅ ပေ ရှိပါတယ်။ ထီးပွင့်ကန်အနီးမှာ သဘာဝရေထွက်ဖြစ်တဲ့ သစ္စာကန်ဆိုတာရှိပါသေးတယ်။ ဒဏ္ဍာရီထဲက ဒွေးမယ်နော်နဲ့ သုနေမင်းသားတို့ သစ္စာပြုတဲ့ကန်ဖြစ်ကြောင်း ထီးပွင့်ကန်သမိုင်းစာအုပ်မှာ ဖတ်မှတ်ခဲ့ဖူးပါရဲ့။ ဆက်လက်ပြီး ကန်ခုနစ်ဆင့်ကို သွားကြပါတယ်။ ခြံဝင်းသေချာခတ်ထားတာ၊ လမ်းခင်းနေတာ၊ ကန်ဝန်းကျင်မှာ နားနေဆောင်၊ ယာယီတည်းခိုဆောင်နဲ့ ကယားတို့ရဲ့ ရိုးရာခြေတံရှည်အိမ်တို့တည်ဆောက်ထားတာကို သတိပြုမိပါတယ်။ တောင်ခြေကနေ သဘာဝအတိုင်း တစ်ဆင့်ချင်းစီးနေတဲ့ ရေကန်တွေဖြစ်ပါတယ်။ ယခုအချိန်ထိတော့ သဘာဝဆန်ပြီး လှနေဆဲပါပဲ။

နောက်ပြီး လှိုင်ကော်ကနေ ၂၆ မိုင်ကွာဝေးတဲ့ ပန်ပက်ကျေးရွာကို ရောက်ရှိပါတယ်။ ကယားလူမျိုးတို့ရဲ့ ဇာတိကျေးရွာဖြစ်ပါတယ်။ ထင်ရှားတောတွေနဲ့ စိမ်းစိုသာယာတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ပန်ပက်ဆိုသည်မှာ ရွာတစ်ရွာတည်းကို ညွှန်းဆိုခြင်းမဟုတ်ဘဲ ကျေးရွာအုပ်စုအတွင်းရှိ ပန်ပက်(ရှမ်းကူ)၊ ပန်ပက်(ဒေါကီး)၊ ပန်ပက်(ကတဲကူ)၊ ပန်ပက်(ဆောင်လူကနား)၊ ပန်ပက်(ပင်မဆောင်)၊ ပန်ပက်(ပေါ်ကူ) နဲ့ ပန်ပက်(လိင်ဆောင်ဒေး)ရွာလေးတွေကို စုပေါင်းခေါ်ဆိုခြင်းဖြစ်ကြောင်း သိရပါတယ်။ လူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ယုံကြည်မှု၊ လက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ ကယားရိုးရာအစားအသောက်များ၊ ခေါင်ရည်ချက်လုပ်မှု စတဲ့ဓလေ့တွေက ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နေပါတယ်။ ရွာထဲမှာ ရှိတဲ့ စားသောက်ဆိုင်လေးမှာ နာမည်ကြီး ကယားဝက်အူချောင်းကိုလဲ မှာယူစားသောက်ခဲ့ပါတယ်။ ကယားဝက်အူချောင်းပြုလုပ်ရာမှာ ဝက်သား၊ ဝက်အူ၊ ကြက်သွန်ဖြူ၊ ချင်း၊ ဟွာကြောင်စေ့၊ သကြား၊ ငရုတ်ကောင်း၊ ဆား၊ ငရုတ်သီး၊ ဆီတို့ပါဝင်ကြောင်းကိုလည်း ဆိုင်ရှင်ကယားအမျိုးသမီးက စကားသံဝဲဝဲနဲ့ ရှင်းပြပါတယ်။

လှိုင်ကော်မြို့တွင်းကို လေ့လာကြည့်ရှုတဲ့အခါ သန့်ရှင်းသပ်ရပ်နေတာကိုမြင်တွေ့ရပါတယ်။ ကန္ဓရဝတီဂေါက်ကွင်း၊ ထေးဌားကန်နဲ့ မြို့ပတ်လမ်းတို့မှာ စိမ်းလမ်းစိုပြည်နေပါတယ်။ မြို့သူ၊ မြို့သားတွေ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေအနားယူဖို့နဲ့ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုဆောင်ရွက်ဖို့ကိုလဲ စီစဉ်ထားပါတယ်။ ဒေါ်ဥခူရပ်ကွက်မှာရှိတဲ့ အမှတ်(၄)လမ်းမကြီးတစ်လျှောက်မှာလဲ ပန်းအလှပင်တွေ စိုက်ပျိုးထားပါတယ်။ လှိုင်ကော်မြို့လယ်ရှိ နာရီစင်အနီးမှာ ပန်းခုံတွေ ဆောက်လုပ်ထားပြီး မြို့တော်အင်္ဂါရပ်နဲ့အညီ တည်ရှိနေတာကို တွေ့မြင်ခဲ့ရပါတယ်။ ဒီအချိန်မှာ အလျဉ်းသင့်တာကြောင့် ကျွန်တော့်သူငယ်ချင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြည်နယ်တစ်ခုအဖြစ်ပါဝင်တဲ့ ကရင်နီနယ်ကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ လူထုဆန္ဒနဲ့အညီ ၁၉၅၂ ခုနှစ် ဧနဝါရီ ၁၅ ရက်ကစတင်ပြီး ကယားပြည်နယ်လို့ တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း ပြောပြပါတယ်။

ကျွန်တော်နဲ့သူငယ်ချင်းဟာ လှိုင်ကော်မြို့ရဲ့ အထင်ကရနေရာတွေကို လေ့လာလည်ပတ်ပြီး အိမ်အပြန်ကားပေါ်မှာလိုက်ပါနေစဉ် အတွေးနယ်ချဲ့မိပါတယ်။ ကယားပြည်နယ်ဟာ မြန်မာနိုင်ငံမှာ ဒုတိယအသေးဆုံးပြည်နယ်ဖြစ်ပေမဲ့ မြေပြန့်လွင်ပြင်နဲ့ တောင်တန်းတွေတည်ရှိပြီး ပထဝီအနေအထားအရ သာယာလှပတဲ့ဒေသတစ်ခုဖြစ်ပါတယ်။ လှိုင်ကော်မြို့ပတ်ဝန်းကျင်မှာဆိုရင်လဲ ဘုရားကျောင်းကန်စေတီပုထိုးတွေ၊ သဘာဝရင်းမြစ်အလှတွေ တည်ရှိနေပါတယ်။ မှီတင်းနေထိုင်ကြတဲ့ ကယားတိုင်းရင်းသားလူမျိုးစုတို့မှာလဲ ရင်းနှီးဖော်ရွေရိုးသားပွင့်လင်းကြပါတယ်။ လှိုင်ကော်မြို့ဟာ နိုင်ငံတော်ရဲ့ ခရီးသွားလုပ်ငန်းကိုလဲ အထောက်အကူပြုနေပါတယ်။ ဒါတွေဟာ ယနေ့တိုင်မပျက်ပြယ်နိုင်တဲ့ ကယားပြည်နယ်၊ လှိုင်ကော်မြို့ရဲ့ ပကတိဂုဏ်ဒြပ်တွေဖြစ်ပါတယ်။ ဒါကြောင့် အပန်းဖြေခရီးဖြစ်ဖြစ်၊ ဒေသန္တရလေ့လာရေးခရီးပဲဖြစ်ဖြစ် လှိုင်ကော်မြို့ကို သွားရောက်သင့်ကြောင်း ရေးသားလိုက်ရပါတော့တယ်။

ကိုးကား

- **၂-၄-၂၀၁၉ ရက်ထုတ် Myanmar Digital News ပါ "ကယန်းသွေးချင်းတို့ရဲ့ပန်ပက်ရွာစခန်းကို မြန်းကြွခဲ့ပါ" မြင့်စိုး(နတလ)၏ ဆောင်းပါး။**

မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ ၃၀၀၀၀ ကျော် လာရောက်ဖူးမြော်ကြည်ညိုကြ

မင်းဘူး ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော် ဘုရား၏ ဗုဒ္ဓပူဇနီယပွဲတော်သို့ ဇန်နဝါရီ ၂၂ ရက်မှ ယနေ့ထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ ၃၀၀၀၀ ကျော် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း မန်းရွှေစက်တော် ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့အဖွဲ့ဝင် ဦးမောင်ငွေက ပြောပြ၍ သိရသည်။

မန်းရွှေစက်တော်ရာ ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ယခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ စတင်ကာ ဧပြီ ၁၇ ရက်ထိ ရက်ပေါင်း ၈၆ ရက်ကြာ ကျင်းပလျက်ရှိရာ အများပြည်သူရုံး ပိတ်ရက်ရှည်ကာလ အတွင်း တည်းခိုဆောင်အခန်းများ ပြည့်သည်ထိ ဘုရားဖူးပြည်သူများ ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ဘုရားပွဲတော် စတင်တဲ့ ဇန်နဝါရီ ၂၂ ရက်ကနေ ဒီနေ့ထိ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူ ၃၀၀၀၀ ကျော် လာရောက်ဖူးမြော် ကြည်ညိုနေကြပါတယ်"ဟု မန်းရွှေစက်တော် ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးမောင်ငွေက ပြောပြသည်။

မန်းရွှေစက်တော်ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် ဘုရားပွဲတော်ကျင်းပရေး ကော်မတီတို့မှ ဘုရားဖူးလာသူများကို စိတ်အေးချမ်းသာစွာ တည်းခိုနေထိုင် စားသောက်နိုင်ရေးအတွက် တည်းခိုဆောင်များနှင့် စားသောက်ဆိုင်ခန်းများကို စီစဉ်ပေးထားကြောင်း၊ မန်းရွှေစက်တော် ဘုရားပွဲတော်ကာလ အတွင်း ပြည်သူများ ဘုရားဖူးမြော် ကြည်ညိုနိုင်သည့်အပြင် မင်းဘူးမြို့နယ် မန်းရွှေစက်တော် ဘုရားအနီးရှိ ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှစတင်ကာ မြန်မာနှစ်ဆန်း တစ်ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

ASH

Hotel Hotel Hotel Hotel ဇာတ်ကားဌ် မင်းသား ဒန်နီယယ်ကာလူယာ ပါဝင်မည်ဖြစ်

နယူးယောက် ဖေဖော်ဝါရီ ၁၈

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Hotel Hotel Hotel Hotel အမည်ရှိ လျှို့ဝှက်သည်းဖို သိပ္ပံဇာတ်ကားဌ် မင်းသား ဒန်နီယယ်ကာလူယာ ပါဝင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားဌ် ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသား ဒန်နီယယ်ကာလူယာနှင့် A 24 ရုပ်ရှင်ကုမ္ပဏီနှင့်တာဝန်ရှိသူများ ဆွေးနွေးနေသည်။

Hotel Hotel Hotel Hotel ဇာတ်ကားသည် ထူးဆန်းသည့် ဟိုတယ်ခန်းတစ်ခုအတွင်း ပိတ်မိလျက်သားဖြင့် နိုးထလာသော အမျိုးသားတစ်ဦး ကြုံတွေ့ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို Together ဒါရိုက်တာ မိုက်ကယ်ရှန့်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

မင်းသား ဒန်နီယယ်ကာလူယာသည် Judas and the Black Messiah ဇာတ်ကားဖြင့်အကောင်းဆုံး အမျိုးသားဇာတ်ပို့အော်စကာဆုရရှိထားသူဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

တေးသံရှင် ရေဗက္ကာဝင်းက မွေးနေ့အလှူအဖြစ် သန်လျင်မြို့နယ်ရှိ MYC Children Home ၌ ညနေစာ ကျွေးမွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

တေးသံရှင် ရေဗက္ကာဝင်းက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ MYC Children Home ၌ ညနေစာ ကျွေးမွေးလှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့ကြောင်း တေးသံရှင် ရေဗက္ကာဝင်းက ပြောပြ၍ သိရသည်။

အဆိုပါညနေစာ ကျွေးမွေးလှူဒါန်းခြင်းအစီအစဉ်တွင် MYC Children Home ရှိဝန်ထမ်းများနှင့် ကလေးများကို ထမင်းနှင့် ကြက်သားဟင်း၊ အစိမ်းကြော်၊ ပဲကုလားဟင်း၊ ငါးပိရည်တို့စရာ နှင့် အချိုရည်များကို ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီနေ့မှာတော့ မွေးနေ့အလှူအဖြစ် သန်လျင်က MYC Children Home မှာ ညနေစာအနေနဲ့ ထမင်းနဲ့ကြက်သားဟင်း၊ အစိမ်းကြော်၊ ပဲကုလားဟင်း၊ ငါးပိရည်

တို့စရာ၊ C plus အချိုရည်တို့ကို ကျွေးမွေးလှူဒါန်းပြီး အမှတ်တရ ကိတ်မုန့်ခွဲခဲ့ပါတယ်။ နှစ်စဉ်လဲ ဒီလို အလှူလေးတွေနဲ့ ဖြတ်သန်းနေပါတယ်"ဟု တေးသံရှင် ရေဗက္ကာဝင်းက ပြောပြသည်။

၂၀၀၄ ခုနှစ်ခန့်မှ စတင်ကာ ဂီတလမ်းကြောင်းပေါ်သို့ တက်လှမ်းလာခဲ့သည့် တေးသံရှင် ရေဗက္ကာဝင်းသည် လူကြိုက်များသည့် အမျိုးသမီးတေးသံရှင်တစ်ဦးဖြစ်ပြီး တေးစီးရီးအယ်လ်ဘမ်များစွာကို ထုတ်ဝေထားကာ လက်ရှိတွင် ဂီတဖျော်ဖြေပွဲများတွင် သီဆိုဖျော်ဖြေလျက်ရှိကြောင်း တေးသံရှင် ရေဗက္ကာဝင်းက ပြောပြ၍ သိရသည်။

ASH

Celestia လျှို့ဝှက်သည်းဖိုသိပ္ပံဇာတ်ကားဌ် မင်းသား သောမတ်ဂျိန်း ပါဝင်မည်

နယူးယောက် ဖေဖော်ဝါရီ ၁၈

Celestia အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားဌ် မင်းသား သောမတ်ဂျိန်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

Celestia ဇာတ်ကားသည် ဝေးလံခေါင်ဖျားသည့် ဂြိုဟ်တစ်စင်းပေါ်သို့ အာကာသယာဉ်ပျက်ကျခဲ့ရသော မိသားစုတစ်စုရင်ဆိုင်ရမည့်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို Rust ဒါရိုက်တာ ဂျိုအယ်ဆိုဇာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကိုရီဘော့ဟက်နှင့် အက်ဒရီယန်စပက်ဇ်တို့က ရေးသားပေးထားပြီး မင်းသား သောမတ်ဂျိမ်းနှင့် ဒါရိုက်တာ ဂျိုအယ်ဆိုဇာတို့သည် Crown Vic အမည်ရှိ ဇာတ်ကားတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည်။

လက်ရှိတွင် Celestia ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ပြောခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံ ဇာတ်လမ်းကို မတ်လအတွင်း Shwe Stream Application မှ ထုတ်လွှင့်ပြသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

Shwe Stream Application မှ တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံ ဇာတ်လမ်းကို မတ်လအတွင်း ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြ၍ သိရသည်။

တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံ ဇာတ်လမ်းကို စာရေးဆရာ တာတေ၏ဝတ္ထုကို (အေဝမ်း) ဦးလှဝင်းက ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာရွှေဇင်မင်းကျော်က ထက်ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ်သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ်ဂဏ္ဍီရ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ တာတေ ဇာတ်လမ်း တော်တော်များများကို Channel K ရုပ်သံလိုင်း၊ Skynet ရုပ်သံလိုင်း၊ Hey Play Application ကနေ ပြသနေပါတယ်။ ဒီဇာတ်လမ်းမှာတော့ တာတေတစ်ယောက် အဘထင်ဆိုတဲ့ ထောင်ထွက်ကြီး အိမ်သို့ သွားသွားနေရင်း အဘထင်က သူ့ခြံထဲမှာ သူ့ဆရာ သရဲကြီး ဦးသြရှိနေပြီး အဘထင်က ဦးသြကို သရဲဘဝဖြစ်နေတာ တောင်တစ်ခါတစ်လေ ဘာကြောင့် အစာကျွေးနေရ သေးတာလဲ။ တာတေနဲ့ သရဲကြီး ဦးသြ ဆုံမိကြတဲ့အခါ ဘာတွေဖြစ်လာမလဲ၊ တာတေတို့ ဘယ်လိုကူညီပေးကြမလဲဆိုတာ ရှုစားပေးကြပါအုံး"ဟု ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြသည်။

အဆိုပါဇာတ်လမ်းတွင် သရုပ်ဆောင် နေဓန၊ မင်းသူ၊ ကျော်သစ်၊ ဦးဘဂျမ်း၊ ယွန်းသဒ္ဒါအောင်၊ ဘိုမနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

Sagaing District cultivates more than 1,000 acres of niger

A thriving niger plantation.

Sagaing February 18

Local farmers planted 1,846 acres of niger as cold season crops in Sagaing District of Sagaing Region this year, according to the district Agriculture Department.

During the 2025-2026 winter cropping season, Sagaing District planned to cultivate niger on 1,870 acres. Planting began in October 2025, and as of today, a total of 1,846 acres have been cultivated—1,090 acres in Sagaing Township and 756 acres in Myaung Township, according to reports.

"Niger is cultivated every year. It is used both as an edible oil and for medicinal purposes. This winter season, Sagaing District planned to cultivate niger on 1,870 acres, and at present, 1,846 acres have already been planted. Efforts are also being made to ensure cultivation meets the planned acreage target," said Daw Myat Moe Win, District Head of the Department of Agriculture in Sagaing District.

During the 2025-2026 winter cropping season, the township-wise cultivation targets for niger in Sagaing District were set at 1,115 acres in Sagaing Township and 755 acres in Myaung Township, totaling 1,870 acres.

Niger cultivation in Sagaing District is carried out regularly on a year-by-year basis. Within the Sagaing Region, niger and mustard crops are most commonly cultivated in Katha and Kawlin townships. 206

Shwebo District grows 2,600 acres of lablab beans

Shwebo February 18

According to the district Agriculture Department, local farmers have grown 2,600 acres of lablab bean as cold season crops in Shwebo District of Sagaing Region.

During the 2025-2026 winter cropping season, Shwebo District plans to cultivate 3,475 acres of lablab bean (pe-gyi). Planting began in October 2025, and as of today, a total of 2,600 acres have been successfully planted—488 acres in KhinU Township and 2,112 acres in Wetlet Township.

"During the winter cropping season in Shwebo District, more than 3,000 acres of lablab bean were targeted for cultivation, and over 2,000 acres have been planted so far. Efforts are being made to meet the full target acreage for lablab bean cultivation. To ensure good yields and quality, we are working together with farmers to provide quality seeds, agricultural inputs, and post-harvest technologies," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

For the 2025-2026 winter cropping season, the township-wise cultivation targets for lablab bean in Shwebo District are 1,350 acres in KhinU Township and 2,125 acres in Wetlet Township, totalling 3,475 acres.

In Shwebo District, the Township Departments of Agriculture are carrying out awareness-raising activities to help farmers expand lablab bean cultivation areas, improve crop yields, adopt Good Agricultural Practices (GAP), use quality seeds, and grow high-yielding varieties.

Crops cultivated using GAP methods are reported to have better quality than those grown under other practices, command higher prices, and meet standards suitable not only for domestic markets but also for export markets. As a result, farmers who adopt these methods are expected to gain greater economic benefits. 206

All plantations of rainfed paddy harvested in Kyunhla Township

Kyunhla February 18

Kyunhla Township Agriculture Department of Sagaing Region stated that local farmers have harvested all sown acreage of rainfed paddy in the township.

In Kyunhla Township, a total of 34,099 acres of rainfed paddy were cultivated during the monsoon cropping season. Harvesting of the monsoon paddy fields began in November 2025, and as of today, harvesting has been completed on 100 per cent of the cultivated acreage, with an average yield of 73.51 baskets per acre,.

"In Kyunhla Township, paddy has been cultivated on a total of 34,099 acres. At present, all monsoon paddy fields have been fully harvested. The cultivated area exceeded the originally targeted acreage. For monsoon paddy cultivation, we have been providing the necessary technologies and seed varieties, and field activities were carried out to help farmers plant monsoon paddy in a timely manner," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

During the monsoon cropping season in Kyunhla Township, the relevant Township Department of Agriculture and local farmers worked together to ensure systematic cultivation of monsoon paddy without major difficulties.

In Kyunhla Township, farmers growing monsoon paddy are being provided with agricultural extension services, including technical guidance, awareness on pest prevention, measures to prevent crop losses, and timely transportation of harvested paddy to sheltered storage facilities.

To ensure successful cultivation and good yields from monsoon paddy fields in Kyunhla Township, staff from the Township Department of Agriculture are conducting field-level extension activities, such as promoting the use of quality seeds, monitoring pest infestations, timely weeding, roguing of off-type plants, and the systematic application of fertilizers. 206

U.S. military strikes 3 vessels in eastern Pacific, Caribbean, killing 11

Washington February 18

The U.S. military struck three vessels in the eastern Pacific and the Caribbean on Monday, killing 11 people, the U.S. Southern Command said Tuesday.

Four people were killed on the first vessel in the eastern Pacific, four on the second vessel in the eastern Pacific, and three on the third vessel in the Caribbean, the command said on X.

"Intelligence confirmed the vessels were transiting along known narco-trafficking routes and were engaged in narco-trafficking operations," the command claimed.

It added that no U.S. military forces were harmed.

The U.S. administration has not provided evidence supporting its allegations about the boats, cargo or the people killed.

Since early September, the U.S. forces have launched about 40 known strikes on alleged drug-smuggling boats in the Caribbean and the eastern Pacific, killing more than 130 people.

The Pentagon resumed strikes on boats in late January following a Jan. 3 U.S. military raid in which Venezuelan President Nicolas Maduro and his wife were forcibly seized.

Xinhua

Hamas urges "Board of Peace" to stop Israeli "violations" in Gaza

Gaza February 18

Hamas on Tuesday called on the "Board of Peace" to intervene and halt what it described as ongoing Israeli "violations" of the ceasefire agreement in the Gaza Strip, warning that Israel may use the forum's upcoming meeting as a cover to continue its military campaign.

In a televised statement, Hamas spokesman Hazem Qassem urged the board, set to convene later this week, to translate its declared principles into concrete steps to achieve peace in Gaza and stop Israeli violations.

Qassem noted that developments over the past four months indicate Israel "has not stopped the war of genocide but has changed its tools and forms," saying that "killing, displacement, blockade and starvation" are ongoing.

He called on the board to facilitate the entry of a committee tasked with administering Gaza to begin construction efforts.

Qassem also demanded a full lifting of the blockade on Gaza and the full reopening of border crossings, rejecting what he described as a "limited partial reopening" of the Rafah crossing, where he said travelers are subjected to "serious violations."

In January, U.S. President Donald Trump announced the creation of the Board of Peace for Gaza, a body intended to oversee the second phase of a Gaza ceasefire deal, which focuses on the enclave's full demilitarization and reconstruction.

However, the organization's founding charter makes no mention of Gaza, instead outlining a far broader vision: a U.S.-controlled organization aimed to help resolve conflicts and wars worldwide, a role the United Nations has played for decades. Trump formally launched the board on Jan. 22 at a charter-signing ceremony during the World Economic Forum in Davos, Switzerland. Some major global powers and traditional U.S. allies have declined to join it. Xinhua

More than 10,000 acres of sunflower planted in Indaw Township this year

Photo shows a large stretch of sunflower fields.

Indaw February 18

Statistics of Indaw Township Agriculture Department stated that local farmers grew 10,950 acres of sunflower in Indaw Township of Sagaing Region this year.

During the 2025-2026 winter cropping season in Indaw Township, sunflower cultivation has been planned for 10,965 acres, and planting began in October 2025. To date, 10,950 acres have already been planted.

"During this winter cropping season in Indaw Township, sunflowers were planned for 10,965 acres, and planting has been completed on 10,950 acres. Sunflower, an oil-yielding crop, is being expanded to help reduce imported cooking oil. Sunflowers produce more oil per acre compared to groundnuts and sesame, and in this township, they are only planted during the winter," said U Thein Khine, Township Head of the Indaw Township Department of Agriculture.

To expand sunflower cultivation in Indaw Township, the Township Department of Agriculture has been actively conducting training courses and awareness programs to improve the skills and capacity of both staff and farmers who will plant sunflowers.

The township has planned to provide farmers with seeds, sell fertilizers and micronutrients at affordable prices, and distribute the harvested sunflower varieties among farmers through a farmer-to-farmer exchange system. 206

Sagaig District grows more than 2,000 acres of chilli

Sagaing February 18

A total of 2,295 acres of croplands has been placed under chilli plantations in Sagaing District of Sagaing Region this cold season, according to the district Agriculture Department.

During the 2025-2026 winter cropping season in Sagaing District, Sagaing Region, chilli cultivation has been planned for 2,373 acres. Planting began in October 2025, and as of today, a total of 2,295 acres have been planted—1,164 acres in Sagaing Township, 340 acres in Myinmu Township, and 791 acres in Myaung Township.

"In Sagaing District, chili was planned for 2,373 acres, and planting has been completed on 2,295 acres. The cultivation conditions are favorable, and efforts are being made to promote chili as a commercial crop," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

For this season, the planned acreage for chili cultivation by township is 1,152 acres in Sagaing Township, 450 acres in Myinmu Township, and 771 acres in Myaung Township, totalling 2,373 acres.

Farmers cultivating chili are receiving technical guidance from township and district agricultural departments on practices to ensure high yields, access to markets, pest control, and soil nutrient management to enhance crop growth and quality.

Farmers need to cost K1.5 million for cultivation of chilli per acre for the own croplands and K2.5 million for the tenant croplands. Chilli can be plunked once every 15 days till six months. It yields some 100 viss per chilli at the beginning and then 400-500 viss per week. 206

A chilli plantation.

More than 19,000 acres of groundnut cultivated in Kalay Township

Kalay February 18

Statistics of Kalay Township Agriculture Department mentioned that local farmers planted 19,292 acres of groundnut as cold season crops in Kalay Township of Sagaing Region this year.

During the 2025-2026 winter cropping season, Kalay Township planned to cultivate groundnut on 19,283 acres. Planting began in October 2025, and as of today, a total of 19,292 acres have been successfully cultivated, according to reports.

"Kalay Township planned to cultivate groundnut on 19,283 acres during the winter cropping season and has managed to plant 19,292 acres. Groundnut cultivation is showing good and successful growth. As an oilseed crop, it is in a strong and successful position. Groundnut cultivation has been improving year by year," said Daw Mahn Ewl, Township Head of the Department of Agriculture in Kalay Township.

In Kalay Township, groundnut cultivation requires one and a half baskets of seed per acre. Including seed costs, labor charges, fertilizer, and pesticide expenses, production costs exceed K200,000 per acre. Yields are reported to be more than 50 baskets per acre.

To ensure successful crop growth, prevent pest and disease outbreaks, and keep fields free of weeds, staff members from the Township Department of Agriculture are conducting field inspections, monitoring conditions, and collecting surveillance records through on-site visits. 206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Yinmabin District grows more than 14,000 acres of lablab beans

Yinmabin February 18

According to Sagaing Region Agriculture Department, local farmers planted 14,380 acres of lablab bean in Yinmabin District of Sagaing Region this cold season.

During the 2025-2026 winter cropping season in Yinmabin District, Sagaing Region, lablab bean cultivation has been planned for 14,435 acres. Planting began in October 2025, and as of today, a total of 14,380 acres have been planted—865 acres in Yinmabin Township and 13,515 acres in Kani Township.

"During this winter cropping season in Yinmabin District, lablab beans were planned for 14,435 acres, and 14,380 acres have already been planted. To ensure high yields and good quality, we have been working together with farmers to provide quality seeds, nutrient supplementation, and post-harvest technical guidance," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

For this season, the planned acreage by township is 1,197 acres in Yinmabin Township and 13,238 acres in Kani Township, totalling 14,435 acres.

Farmers in Yinmabin District are receiving guidance from township agricultural departments on expanding cultivation acreage, achieving high yields, adopting GAP (Good Agricultural Practices) methods, planting quality seeds, and cultivating high-yielding varieties.

It is noted that crops grown under the GAP system have higher quality than those grown using conventional methods, can fetch better prices, and can be sold not only in domestic markets but also exported to international markets. As a result, farmers who adopt these methods can achieve greater economic benefits. 206

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

အစ္စရေးက David's Sling ဒုံးခွင်းဒုံးစနစ်ကို လက်တွေ့ပစ်ခတ်စမ်းသပ်မှုပြုလုပ်နိုင်ခဲ့

အစ္စရေးနိုင်ငံ၏ David's Sling ဒေးဗစ်၏လောက်လွှဲ ဒုံးခွင်းဒုံးစနစ်ကို မကြာသေးမီကပြုလုပ်ခဲ့သော အစ္စရေးနိုင်ငံ အလယ်ပိုင်းကမ်းရိုးတန်းတစ်လျှောက်ရှိ စစ်ဘက်ဆိုင်ရာ စမ်းသပ်ကွင်း၌ လက်တွေ့ပစ်ခတ်စမ်းသပ်မှုများပြုလုပ်နိုင်ခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အစ္စရေးဒုံးကျည်ကာကွယ်ရေးအဖွဲ့(IMDO)၊ အမေရိကန်ဒုံးကျည်ကာကွယ်ရေးအေဂျင်စီ(MDA)နှင့် RAFAEL ကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်ခဲ့သည့်ဤစမ်းသပ်မှုတွင် David's Sling ဒုံးခွင်းဒုံးစနစ်ကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစမ်းသပ်မှုတွင် အလွန်လျင်မြန်ပြီး လှုပ်ရှားမှုဆန်းကြယ်သော ရန်သူ့ဒရုန်းအမြောက်အများကို တိကျစွာ ပစ်ချနိုင်ခဲ့သဖြင့် ဤစနစ်သည် ခေတ်သစ်စစ်ပွဲများ၏အန္တရာယ်အရှိဆုံး ပစ်မှတ်များကိုပင် ထိရောက်စွာ ဟန့်တားနိုင်ကြောင်း သက်သေပြနိုင်ခဲ့သည်။ RAFAEL ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Yoav Tourgeman က "အမြဲတမ်းပြောင်းလဲနေတဲ့ စစ်မြေပြင် ခြိမ်းခြောက်မှုတွေကြားမှာ ကျွန်တော်တို့ရဲ့ David's Sling လောက်လွှဲ ဒုံးခွင်းဒုံးစနစ်ဟာ ကမ္ဘာ့ထိပ်တန်းလေကြောင်းရန်ကာကွယ်ရေး စနစ်တစ်ခုဆိုတာကို ထပ်မံအတည်ပြုနိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု ဂုဏ်ယူစွာပြောကြားခဲ့သည်။ ဒေးဗစ်၏လောက်လွှဲဟူသော အသုံးအနှုန်းက သမ္မာကျမ်းစာလာ ဘီလူးကြီးကို ကျောက်ခဲနှင့်ပစ်သတ်ခဲ့သော ဒေးဗစ်အမည်ရ ကောင်လေးတစ်ဦး၏ ပုံရိပ်ကိုယူ၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။

ဒေးဗစ်၏ လောက်လွှဲဒုံးခွင်းဒုံးစနစ်သည် တာလတ်မှ တာဝေးပစ်ထိ အကျုံးဝင်သောဒုံးခွင်းဒုံးစနစ်ဖြစ်ပြီး ရော့ကက်များ၊ ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များ၊ တိုက်လေယာဉ်များနှင့် ဒရုန်းများကိုပါ တစ်စစီဖြစ်အောင်ချေမှုန်းနိုင်သည်။ ၎င်းသည် အစ္စရေး၏ ကာကွယ်ရေးကွန်ရက်တွင် မြား၊ သံမဏိအမိုးနှင့် လေဆာစနစ်တို့ကြား အလယ်အလတ်အဆင့်ကို လုံခြုံအောင်တာဝန်ယူထားသည့်အဓိကအလွှာတစ်ခုဖြစ်သည်။

ဤစနစ်၏ အားသာချက်မှာ ရန်သူက လက်နက်များစွာဖြင့် တစ်ပြိုင်နက်တည်း ထိုးစစ်ဆင်လာသည့် အခြေအနေမျိုးတွင်ပင် အာရုံခံကိရိယာများ၏ အနည်းငယ်သောအချက်အလက်ပေးပို့မှုဖြင့် ဒုံးကျည်များကို ဆက်တိုက်ပစ်ခတ်ကာ ရန်သူ့ထိုးစစ်ကို ဝါးမျိုပစ်နိုင်ခြင်းဖြစ်သည်။ ထို့ပြင် မတူညီသော ကွပ်ကဲမှုစနစ်များနှင့်လည်း အလွယ်တကူချိတ်ဆက်နိုင်ရန် တည်ဆောက်ထားသဖြင့် အနာဂတ်စစ်ဆင်ရေးများတွင် အစ္စရေးတပ်မတော်အတွက် မဖောက်ထွင်းနိုင်သော "ကောင်းကင်ယံဒိုင်းလွှားကြီး"အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

David's Sling Goes Live: Israel's Air Defense Demos Multi-Threat Firepower ကို ဘာသာပြန်ဆိုထားပါသည်။

ဥရောပနိုင်ငံ ခြောက်နိုင်ငံက ကီလိုမီတာ ၅၀၀ ခန့်ထိ ပျံသန်းနိုင်မည့် ဒရုန်းသစ်များ ထုတ်လုပ်ရန် လက်မှတ်ရေးထိုး

ဥရောပနိုင်ငံ ခြောက်နိုင်ငံသည် ကီလိုမီတာ ၅၀၀ ခန့်ထိ ပျံသန်းစစ်ဆင်နိုင်မည့်ဒရုန်းသစ်များကို ပူးပေါင်းထုတ်လုပ်ရန် လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Past သတင်းဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပ၏ ကာကွယ်ရေးကဏ္ဍကို အားကောင်းစေရန်အတွက် ဥရောပနိုင်ငံခြောက်နိုင်ငံဖြစ်သည့် ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ အီတလီ၊ ပိုလန်နှင့် ဆွီဒင်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများသည် ကီလိုမီတာ ၅၀၀ ခန့်ထိ ပျံသန်းတိုက်ခိုက်နိုင်သည့်တန်ဖိုးနည်း တစ်လမ်းမောင်း၊ တိုက်ခိုက်ရေးဒရုန်းများကို ပူးပေါင်းထုတ်လုပ်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

European Long-range Strike Approach (ELSA) စီမံကိန်းအောက်တွင် ထုတ်လုပ်မည့် ဤဒရုန်းများကို "One Way Effector 500 Plus"ဟု အမည်ပေးထားသည်။ ၎င်းတို့ကို ရန်သူ့နောက်တန်းရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ထောက်ပံ့ရေးဗဟိုချက်များကဲ့သို့သော အရေးကြီးပစ်မှတ်များကို တိကျစွာနှင့် နက်ရှိုင်းစွာထိုးဖောက်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ထုတ်လုပ်သွားမည်ဖြစ်သည်။

အထူးခြားဆုံးအချက်မှာ ကုန်ကျစရိတ်သက်သာစေရန်အတွက် သာမန် ၁၅၅ မမ အမြောက်ကျည်ဆန်များကိုပင် ထိပ်ဖူးအဖြစ်အသုံးပြုရန် စဉ်းစားနေပြီး၊ ဒရုန်းတစ်စင်း၏တန်ဖိုးကို ဒေါ်လာသောင်းဂဏန်းမျှသာ ဖျော်မှန်းထားသည်။

ယူကရိန်းပဋိပက္ခတွင် ရုရှားဘက်မှ အီရန်ထုတ် Shahed ဒရုန်းများကို အသုံးပြု၍ အောင်မြင်မှုရနေခြင်းကို သင်ခန်းစာယူကာ အနောက်အုပ်စုနိုင်ငံများက ယခုစီမံကိန်းကို အရှိန်မြှင့်လိုက်ခြင်းဖြစ်သည်။ ဤဒရုန်းအသစ်များသည် လူသားထိန်းချုပ်မှုမလိုဘဲ အလိုအလျောက် ပျံသန်းနိုင်မည်ဖြစ်ပြီး၊ ထိန်းချုပ်မောင်းနှင်သူတစ်ဦးတည်းကပင် ဒရုန်းအစင်းပေါင်း ဒါဇင်နှင့်ချီ၍ တစ်ပြိုင်နက်တည်း လွှတ်တင်နိုင်မည့် စွမ်းရည်ရှိမည်ဖြစ်သည်။

ဥရောပလက်နက်ထုတ်လုပ်ရေးကုမ္ပဏီများသည် ဤနယ်ပယ်တွင် အရှိန်အဟုန်မြှင့် ကြိုးပမ်းလာကြရာ MBDA ကုမ္ပဏီ၏ "One-Way Effector" နှင့်Helsingကုမ္ပဏီ၏ "HX-2" ဒရုန်းတို့မှာ ထင်ရှားသောနမူနာများ ဖြစ်ကြသည်။ ပြင်သစ်နိုင်ငံသည် MBDA ကုမ္ပဏီနှင့် "One-Way Effector" ဒရုန်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကာ ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်းတွင် ပထမဆုံးအသုတ်ကို စတင်လက်ခံရရှိမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဂျာမနီနိုင်ငံသည် လစ်သူရေးနီးယားနိုင်ငံတွင် အခြေစိုက်မည့် ၎င်းတို့၏ သံချပ်ကာတပ်မဟာတွင် တပ်ဆင်ရန်အတွက် HX-2 ဒရုန်းများကို ရွေးချယ်သွားရန် မျှော်မှန်းထားသည်။

"One-Way Effector" ဒရုန်းများသည် ကီလိုမီတာ ၅၀၀ ခန့်ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိပြီး HX-2 ဒရုန်းမှာမူ ကီလိုမီတာ ၁၀၀ အတွင်းရှိပစ်မှတ်များကို ချေမှုန်းရန် ဒီဇိုင်းထုတ်ထားသည်။ ထို့ပြင် ၂၀၂၉ ခုနှစ်တွင် ဖွဲ့စည်းရန် စီစဉ်ထားသည့် ဂျာမနီ၏ "ဘက်စုံစစ်ဆင်ရေးအထူးတပ်ဖွဲ့" တွင်လည်း ELSA စီမံကိန်းမှ ထွက်ပေါ်လာမည့် တစ်လမ်းမောင်း၊ တိုက်ခိုက်ရေးဒရုန်းများကို တပ်ဆင်အသုံးပြုရန် ဂျာမနီအစိုးရက စဉ်းစားနေကြောင်း Hartpunkt သတင်းဌာနက ဖော်ပြခဲ့သည်။

ထိုသို့ ဥရောပနိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုသည် တစ်လမ်းမောင်း၊ တိုက်ခိုက်ရေးဒရုန်းများ ထုတ်လုပ်ရုံသာမကဘဲ ယူကရိန်းပဋိပက္ခ၏ လိုအပ်ချက်များအပေါ် အခြေခံ၍ လေကြောင်းကြိုတင်သတိပေးစနစ်များ၊ ဝေဟင်အခြေစိုက် တိုက်ခိုက်ရေးစနစ်များနှင့် ဥရောပကိုယ်ပိုင်ထုတ် အတွဲလိုက်ဒုံးပစ်လောင်ချာနည်းပညာများကိုပါ ပူးပေါင်းမြှင့်တင်သွားရန် ရည်မှန်းထားကြောင်း သိရှိရသည်။

မဟာဗျူဟာသည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ကုန်ကျစရိတ်နည်းနည်းဖြင့် ပစ်မှတ်များစွာ အသုံးပြုကာ အလုပ်ရှုပ်သွားစေမည့် မဟာဗျူဟာမြောက်လက်နက်သစ်တစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း သုံးသပ်ရရှိသည်။

European States Launch Common 500-Km+ One-Way Attack Drone Initiative ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၄၅၃၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်

ခင်ဦး ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၄၅၃၅ ဧကထိ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၈၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၅၃၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၀ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲ ၃၃၈၂၁ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် အတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းများယူခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

ဒိုက်ဦးမြို့နယ် ပွဲတမော့ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ဒိုက်ဦး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပွဲတမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့် အတူ ပွဲတမော့ကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို အကျိုးရှိစွာအသုံးပြုနိုင်ရေး သက်ဆိုင်သူ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဒိုက်ဦးမြို့နယ် ပွဲတမော့ကျေးရွာ၌ အရှည်ပေ ၁၃၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၅ သန်း အသုံးပြုပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ပွဲတမော့ကျေးရွာရှိ အိမ်ခြေ ၁၄၀ မှ လူ ၇၀၆ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေတော့မည် ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်မြင့်ထွန်း ထံမှ သိရသည်။

ချိုလေး

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံများ ဝယ်ယူမှုကောင်းလာခြင်းသည် ပဲလုပ်ငန်းများ လည်ပတ်မှု ကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''လက်ရှိဈေးကွက်ထဲမှာ လက်ကျန် ပဲစင်းငုံတွေအရောင်းအဝယ် ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ် ကောင်းလာတာပါ။ ရေကြည်မြို့နယ်က ဒေသထွက် ကုန်သီးနှံတွေကို ပွဲရုံတွေကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို

အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဇန်နဝါရီလထဲမှာ ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်'' ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ ကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပဲစင်းငုံ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မိုင်းရှားမြို့နယ် နားဝိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုင်းရှား ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှားခရိုင် မိုင်းရှားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ နားဝိုင်ကျေးရွာနှင့် နမ့်ပါလမ်ကျေးရွာအတွက် ဒသမ အကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက နားဝိုင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမင်းဦးက နားဝိုင်ကျေးရွာနှင့်နမ့်ပါလမ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နားဝိုင်ကျေးရွာနှင့် နမ့်ပါလမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို ရန်ပုံငွေကျပ် ၄၆၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွှန့်

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဗူဝန်ကေ့ကဲ့ဝို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံ သီးသန့်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟဆက် ဗူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံသီးသန့် အစည်းအဝေးကို ယနေ့ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ပညာရေး၊ ပြည်သူ့ကျန်းမာရေးစသည့်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စများအပါအဝင် ပြည်သူ အချင်းချင်းထိတွေ့ဆက်ဆံမှုကဏ္ဍ တိုးမြှင့်နိုင်ရေးနည်းလမ်းများကိုလည်း ဆွေးနွေးကြသည်။

ထို့ပြင် နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုစသည့်တရားမဝင် လုပ်ငန်းများတိုက်ဖျက်ရေးအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆွေးနွေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရာဂိမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးအဆောက်အအုံ အကြီးစားပြင်ဆင်ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရာဂိမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် ရုံးအဆောက်အအုံများနှင့် ရုံးခြံစည်းရိုးများ အကြီးစားပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက အကြီးစားပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ရုံးအဆောက်အအုံများနှင့် ခြံစည်းရိုးများ ရေရှည်တည်တံ့ခိုင်ခံ့ရေးနှင့် ယခင်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်အပေါ် သင်ခန်းစာယူကာ ကြိုတင်မြော်တွေး တည်ဆောက်ပြုပြင်ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကလောခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးကို ယာယီရုံးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် ကလောမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ကလောမြို့နယ်အတွင်းရှိ အသက်ပြည့်မီပြီး နိုင်ငံသားကတ်မရရှိသေးသူများနှင့် နိုင်ငံသားကတ်လဲလှယ်၊ ပျောက်ပျက်၊ မိတ္တူလာရောက်လျှောက်ထားကြသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်၊ ပြောင်းထွက် ဆောင်ရွက်ကြသည့် ပြည်သူများကို ဝန်ထမ်းများက လိုအပ်သည့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ရရှိပြီးသူများကို Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ဝန်ထမ်းများက ယာယီရုံးဖွင့်လှစ်ကာ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါစာသင်တိုက်အတွင်း၌ တောင်ကြီး၊ ကလော၊ ကွတ်ခိုင်၊ ဟိုပန်၊ မိုးမိတ်နှင့် ပအိုဝ်း၊ ဓနုပလောင်၊ကိုးကန့်,ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့မှ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများကို တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း နိုင်ငံတော်၏အနာဂတ်အတွက် အရေးကြီးသည့်လုပ်ငန်းများဖြစ်သည့် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးလုပ်ငန်းများ၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ အောင်မြင်အောင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံသားကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်များဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာမီက ကျင်းပပြီးဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာ ကျရာကဏ္ဍကကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

မကြာမီကာလတွင် တာဝန်ယူမည့် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကျေပွန်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနသည် ပြည်သူကိုဝန်ဆောင်မှုပေးသည့် ဌာနဖြစ်သည်နှင့်ညီ ပြည်သူအပေါ် ယဉ်ကျေးယျုဌာစွာဆက်ဆံ၍ဥပဒေနှင့်အညီ ထိရောက်သော ဝန်ဆောင်မှုများပေးကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သွားလာနေထိုင်မှု၊ လုပ်ကိုင်ဆောင်ရွက်မှုများ၌ စနစ်တကျဂရုပြုဆောင်ရွက်ကြရန်၊ အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ် မဖြစ်ပွားရေးနှင့် ရုံးပစ္စည်း၊ စာရွက်စာတမ်းလုံခြုံရေးကိုလည်း အထူးအလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်မြော်တွေးကာ ကြိုတင်ပြင်ဆင်မှုများ၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ထားကြရန်လိုကြောင်းနှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခရိုင်နှင့် မြို့နယ်အလိုက် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ - ကိုရီးယား ပူးပေါင်းရိုက်ကူးမည့် All Pass လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်များ ရွေးချယ်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာ-ကိုရီးယားပူးပေါင်း၍ ပထမဦးဆုံး ရိုက်ကူးထုတ်လုပ်မည့် All Passလူငယ်ဒရာမာရုပ်သံဇာတ်လမ်းတွဲအတွက် မြန်မာနိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့မှသရုပ်ဆောင်များ၏အမည်စာရင်းကို ယနေ့တွင်ရွေးချယ်ထုတ်ပြန်လိုက်သည်။

အဆိုပါဇာတ်လမ်းတွဲအတွက်မြန်မာနိုင်ငံဘက်မှသရုပ်ဆောင်ရွေးချယ်ခြင်းကို ကိုရီးယားနိုင်ငံမှ ဒါရိုက်တာအဖွဲ့ဖြင့် ၂၀၂၅ ခုနှစ်အောက်တိုဘာလ၊ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် လူတွေ့စစ်ဆေးခြင်း(Audition)သုံးကြိမ်ပြုလုပ်ခဲ့ပြီး ရုပ်ရှင်ရွေးကြို အနုပညာရှင်များဖြစ်ကြသည့် လင်းလက်ခွန်းချို၊ပြည့်စုံစိုစိမ်ဆမ်ကျော်ဇော၊မေ့ချစ်သက်၊ သူရိန်မင်းခန့်, ဖြိုးဟန်ကျော်၊ မိုးဖူးဖူးခင်တို့နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှဝန်ထမ်းအနုပညာရှင်များဖြစ်ကြသည့် အိန္ဒြာစိုးစံ၊ ကျော်သက်အောင်၊ ရာဇာအောင်နှင့် မြနန္ဒာတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကိုရီးယားနိုင်ငံဘက်မှ ရုပ်သံဇာတ်လမ်းတွဲများစွာ ရိုက်ကူးထားရှိသည့် နာမည်ကြီး သရုပ်ဆောင်များဖြစ်ကြသော Mo Gun- hoo၊ Park San- ha၊ Cho Chan- Hyung တို့ကို အဓိကသရုပ်ဆောင်များအဖြစ် ရွေးချယ်ထားပြီး Song Jung- hwan၊ Jang Eun- Youn၊ Lee Je- na၊Cho Won-hyung ၊ Yoo Jun- hyuk နှင့် Lee See- yoon တို့ကို လူတွေ့စစ်ဆေး ခြင်း(Audition) ပြုလုပ်၍ ရွေးချယ်ခဲ့ကာ ၎င်းတို့မှာ မြန်မာနိုင်ငံသို့ ယခုနှစ်ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၃ ရက်တို့တွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

ယင်းရုပ်သံဇာတ်လမ်းတွဲကို ထူးချွန်ဆုရရှိထားသူ ဒါရိုက်တာ ရှင်ကီဝန်းက ဦးဆောင်၍ လူငယ်များအတွေးအခေါ်မှန်ကန်ပြီး ဘဝအောင်မြင်ရေးအတွက် အရည်အချင်းများ တိုးတက်လာစေရန်၊ ကန့်သတ်ချက်များ အကြားမှ ရုန်းကန်ကြိုးပမ်းဆောင်ရွက်တတ်စေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အပြန်အလှန်သွားရောက်ရိုက်ကူးကာ လာမည့်မတ်လအပြီးထုတ်လုပ်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာ အေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား/စီမံ)နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆရာတော်သံဃာတော်များအား လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတို့သည် ထင်ကြွလုံ့လဝီရိယ ရှိထသော။ သတိလည်း ရှိထသော။ စင်ကြယ်သော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံထသော။ ပြုလုပ်လိုရာ ကိစ္စဟူသမျှ၌ စူးစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိထသော။ ကိုယ်စိတ်နှလုံးသုံးပါးတို့ကို စောင့်စည်းလေ့ရှိထသော။ တရားသဖြင့် အသက်မွေးလေ့ရှိသော၊ မမေ့မလျော့သော သူအား စည်းစိမ်ဥစ္စာအဖြာဖြာသည် တစ်နေ့တခြားတိုးပွားကြောင်းကို သဗ္ဗညုဘုရားရှင်က ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူကြောင်း၊ ဘုရားရှင်ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းကြောင်း အဖွင့်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၅) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့ အစည်းအဝေး(၁/၂၀၂၆)တင်ပြချက်များကို လျှောက်ထားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့်ဆရာတော်များနှင့် လူပုဂ္ဂိုလ်များက တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၆)နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးကာ ဆုံးဖြတ်ချက် ငါးရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော် ဘဒ္ဒန္တကောဝိဒက ကုသိုလ်ရသည့်လုပ်ငန်းကိစ္စများကို ဆောင်ရွက်နေကြခြင်းကြောင့် ကောင်းမှုကုသိုလ်နှင့်ပြည့်စုံသော အမျိုးကောင်းသားသမီးတို့မှာ စိတ်ကတောင့်တသည့်အတိုင်း ဖြစ်လာနိုင်ကြပါစေ။ တောင့်တမှုမှန်သမျှ၊ အလုံးစုံသောအကျိုးတရားမှန်သမျှ ပြည့်စုံနိုင်ကြပါစေ။ သဒ္ဓါတရားပညာနှင့် ချင့်ချိန်ဆောင်ရွက်နိုင်ကြပါစေကြောင်း နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးစနစ်နှင့်ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ညှိနှိုင်းအစည်းအဝေး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်ရိုးညွှန်းတမ်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းနှင့် ကဏ္ဍအလိုက်ကျွမ်းကျင်သည့် အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး အတွက်ပညာရေးစနစ်နှင့်ကိုက်ညီသည့်သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ Subject Wise Committee (SWC)မှ ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးစနစ်နှင့်ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့်အခြေပြကားချပ်ရေးဆွဲရန်နှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်သည့် မှတ်တမ်းစာအုပ်ပြုစုရေးသားရန်အဖွဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယင်းသို့ဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖွဲ့စည်း၍ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အစည်းအဝေး ပြုလုပ်ခြင်းဖြစ်ကြောင်း၊ Grade–12 မအောင်မြင်သူများအတွက် ပညာသင်ယူခွင့်လမ်းကြောင်းနှင့် Grade–9 ပြီးမြောက်ပြီး အထက်တန်းမတက်ရောက်သူများအတွက် ဆက်လက်ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် ပညာသင်ယူခွင့် အခွင့်အလမ်းလမ်းကြောင်း (Pathways) အဆင့်ဆင့်ကို ရေးဆွဲကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ပညာရေးတွင်လုပ်ဆောင်နေသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများဖြစ်သည့် Job Ready Skills များ၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များနှင့် ပတ်သက်၍ Grade–10မှစတင်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ငါးနှစ်တာကာလအတွင်း ပညာရေးနှင့်ပတ်သက်သည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများကို ပြုစုရေးသားရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ အလိုက် အခြေပြကားချပ်(Chart)နှင့် အစီရင်ခံစာ(Report) ရေးသားရာတွင် နိုင်ငံတော်အစိုးရ၏ ပညာရေးပြုပြင်ပြောင်းလဲခြင်းနှင့် ပညာရေးအဆင့်အတန်းနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းတို့အတွက် မှတ်တမ်းစာအုပ် ထည့်သွင်းပြုစုထားရှိရန်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍထင်ရှားသည့်ပြုပြင်ပြောင်းလဲမှုများနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်ခဲ့သည့် မှတ်တမ်းများကို ထည့်သွင်းပြုစုရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးစနစ်နှင့် ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရန်နှင့် မှတ်တမ်းစာအုပ်ပြုစုထိန်းသိမ်းထားရှိရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှု၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှု၊ ပညာရေးစနစ်နှင့်ကိုက်ညီသည့် သက်မွေးမှုလုပ်ငန်းအဆင့် အခြေပြကားချပ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ မှတ်တမ်းစာအုပ်ပြုစုနိုင်ရေးအချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်များ၊ ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်များ၊ သင်ရိုးပြုစုရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်သင်အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်သင်ရိုးညွှန်းတမ်းများ ရေးဆွဲတင်ပြနိုင်ရေးညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ကို ဒုတိယဝန်ကြီး ဦးကိုကိုကျော် လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Thushara Fernando ကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Dr. Thushara Fernando အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် WHO တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် WHO က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရိန်က ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ အလုပ်အကိုင်အမျိုးအစား ၇၁ မျိုးအတွက် ကျွမ်းကျင်မှုစံ ၁၀၄ မျိုး အတည်ပြုပြဋ္ဌာန်းထားပြီး ၃၁၄၅၈ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ကြောင်း၊ ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့မှ အလုပ်အကိုင်နှစ်မျိုးအတွက် ကျွမ်းကျင်လုပ်သား ၇၈ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ UMFCCI အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ အထည်ချုပ်စက်ရုံများနှင့် ဖိနပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများက လုပ်ငန်းခွင်အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၆/၂၀၂၆
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးမင်းအောင်အား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
အမှုဆောင်ချုပ်

ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၇/၂၀၂၆
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်)

ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးမြတ်စံအား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
အမှုဆောင်ချုပ်

ရှေ့ဖုံးမှအဆက်

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုပြီးနောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက တပ်မတော် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့၏ သရုပ်ပြတီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ၃၂ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(၅၀၁)**

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်တို့တွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်ထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ၊ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)၏ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တစ်ခုဖြစ်သည့် သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံ သဘောတူလက်မှတ် ရေးထိုးခဲ့သည့် မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)၏ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တစ်ခုဖြစ်သည့် သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများမှတစ်ဆင့် ထုတ်လုပ်မှုနယ်ပယ်အသီးသီးကို အကျိုးပြုစေမည့် နည်းပညာလွှဲပြောင်းရရှိရေးနှင့် နှစ်နိုင်ငံအကြား စီးပွားဆက်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံ အကယ်ဒမီပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ်အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

> **သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားသိပ္ပံ အကယ်ဒမီပညာရှင်နှင့် သိပ္ပံနှင့်နည်းပညာဗဟိုဌာန ညွှန်ကြားရေးမှူး မစ္စတာ အလက်ဆီ ရှကာဒါရီဗစ်ချ်အား လက်ခံတွေ့ဆုံစဉ်။**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရစီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။

☆ **ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း၃ပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

"ကျွန်တော်က ဒီပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)ကို မည်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းချက်၊ တားမြစ်ချက်နဲ့ မဟုတ်ဘဲနဲ့ မိမိရဲ့သဘောဆန္ဒအလျောက်နဲ့ လာတက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်က ပြည်သူ့စစ်မှုထမ်းသင်တန်းကို မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက် ကိုယ့်တိုင်းပြည်ကို ကိုယ်ကျရာအခန်းကဏ္ဍကနေ ကာကွယ်ချင်တဲ့စိတ်ဆန္ဒတစ်ခုနဲ့ လာတက်တာပါ။ တပ်မတော်အင်အားရှိမှ တိုင်းပြည်ကလဲ အင်အားရှိလာမှာပါ။ နိုင်ငံသားတိုင်း မဖြစ်မနေတက်ရောက်ရမယ့် ပြည်သူ့စစ်မှုထမ်းသင်တန်း ဖြစ်တဲ့အတွက်ကို နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါ



တယ်။အဲဒီအတွက် နောင်လာမယ့် ညီငယ်လေးတွေကိုလဲ ဒီနေရာကနေ ဖိတ်မန္တ္တကပြုပါတယ်။ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်လူမျိုးအတွက်၊ကိုယ့်မိသားစုအတွက်ကို ကာကွယ်ရာရောက်ပါတယ်။ ဒီသင်တန်းမှာ ပို့ချတဲ့အရာတွေကို စည်းကမ်းတကျနဲ့ သေချာလေ့ကျင့်လိုက်နာဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အတွက် တကယ်အားကိုးအားထားရတဲ့ နိုင်ငံသားကောင်းတွေ ဖြစ်မယ်ဆိုတာကိုလဲ ယုံကြည်ပါတယ်။ ရဲရဲ့ဝံ့ဝံ့လဲ အာမခံပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကတော့ ဒီပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၂၂)ကို ကျွန်တော့်စိတ်ဆန္ဒနဲ့ ကျွန်တော့်သဘောနဲ့ ဝါသနာပါလို့ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ပြီးတော့ ပြည်သူ့စစ်မှုထမ်းဆိုတာကလဲ နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်ရမယ့် အရာတစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတိုင်းအတွက် ဂုဏ်လဲရှိတယ်။ နိုင်ငံ့

သားကောင်း တစ်ယောက်ဖြစ်ဖို့အတွက်ကိုလဲ ကျွန်တော်တို့ကို ဒီသင်တန်းကျောင်းကြီးကနေပြီးတော့ အကောင်းဆုံးပို့ချသင်ကြားပေးတာဖြစ်တဲ့အတွက်ကို ယောကျ်ားကောင်းတစ်ယောက် ဖြစ်ဖို့၊ နိုင်ငံသားကောင်းတစ်ယောက် ဖြစ်ဖို့ အတွက် ပြည်သူ့စစ်မှုထမ်းဆိုတာ မဖြစ်မနေပါဝင်ဆောင်ရွက်ရမယ့်ဟာ တစ်ခုဖြစ်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တပ်မတော်သားတစ်ယောက်ဖြစ်ဖို့ ဆိုတာကတော့လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူးပေါ့။ အရင်တုန်းက အရပ်သားဘဝမှာ နေချင်သလိုနေခဲ့တယ်။ စားချင်သလို စားခဲ့တယ်၊ သွားလာနေထိုင်ခဲ့တယ်။ ဒါပေမဲ့ တပ်မတော်သားတစ်ယောက်ဖြစ်ဖို့အတွက်ဆိုရင်တော့ စည်းကမ်းတကျနဲ့ စစ်စည်းကမ်းအရနေရမယ်။ ဘယ်လို အခက်အခဲမျိုးပဲရှိရှိ ကိုယ်ဝါသနာပါလို့ ဝင်ရောက်လာတယ်။ နိုင်ငံတော်ကို ကာကွယ်ချင်တယ်၊ ကိုယ့်မိသားစုကို ကာကွယ်ချင်တယ်ဆိုရင်တော့ ဘယ်လို အခက်အခဲမျိုးကိုမဆို အကောင်းဆုံး ကြိုးစားပြီးတော့ ဆောင်ရွက်သွားရမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်"ဟု ပြောသည်။

(၅၀၁)

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

ထူးခြားသည့် ညအပူချိန်များ (၁၈ - ၂ -၂၀၂၆)

ဟားခါး	၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	လွိုင်လင်	၇	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
မိုင်းယန်း	၄	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	တီးတိန်	၈	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
နမ့်စန်	၅	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်	ပြင်ဦးလွင်	၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ဟဲဟိုး	၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်	မိုးညှင်း	၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
လားရှိုး	၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်	ပင်လောင်း	၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
သီပေါ	၆	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	ပူတာအို	၉	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၅၅၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၈၄၇၊ ၀၉-၃၄၉၀၃၄၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၂၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၅၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၅

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၅-၂၀၂၇၉၃၅၊ ၀၅၅-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၉

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၅၄၀၊ ၀၈၁-၂၁၂၄၉၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လျှုဒါန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောကဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလ အလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှုဒါန်းနိုင်ပြီး လှုဒါန်းသည့်အလှုရှင်များ၏ အမည်များကို မှတ်တမ်းကမ္မည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှုဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

❑ **ဥပဒေဘောင်အတွင်းဝင်ရောက်မှ**

ထိုသို့ အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည်နှင့်အညီ ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင်လည်း BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း ခေါ် နဂါးနှင့် ၎င်း၏မိသားစုဝင်များသည် လက်နက်မျိုးစုံ ခြောက်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်မတော်လုံခြုံရေးတပ်စခန်းတစ်ခုထံသို့ လာရောက်ဆက်သွယ်သတင်းပို့၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

PDF အပါအဝင် အခြားသောအကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အား ဆန့်ကျင်တိုက်ခိုက်ခြင်း၊ နယ်မြေခံပြည်သူလူထုများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် အချိန်ကြာမြင့်လာသည်နှင့်အမျှ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ နယ်မြေလုချင်း၊ ဝေစုမတည့်ခြင်း၊ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း စသည်တို့ဖြစ်ပေါ်လာခဲ့ခြင်းတို့ကြောင့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း ခေါ် နဂါးအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုများကို မနှစ်မြို့တော့ခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် ယခုကဲ့သို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း ခေါ် နဂါးနှင့် ၎င်း၏ မိသားစုဝင်များကို နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ဆေးဝါး အကူအညီများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို အဆင်ပြေမှုရှိစေရေးဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် လိုအပ်သည့်စိစစ်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်အဖွဲ့များအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အစဉ်တံခါးဖွင့်ကြိုဆိုဖိတ်ခေါ်ထားရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ထပ်မံဝင်ရောက်လာမည့်သူများကိုလည်း တရားဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

နယ်မြေခံလုံခြုံရေးတပ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ BNRA အမည်ခံအဖွဲ့မှ အဖွဲ့ခေါင်းဆောင် နိုင်လင်း ခေါ် နဂါး က လက်နက်၊ ခဲယမ်းများအပ်နှံစဉ်။

မိုးညှင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်ညနေ ၅ နာရီခွဲတွင် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအနီးတွင် ခင်မောင်ဆန်း ခေါ် လောင်းလု ၅၅ နှစ် မင်းကုန်းကျေးရွာ မိုးကောင်းမြို့နယ်နေသူ မောင်းနှင်ပြီး အေးဆန်း ၅၆ နှစ် ပင့်သာကျေးရွာ မိုးကောင်းမြို့နယ်နေသူ လိုက်ပါလာသော MDY-12 3A-xxxx TOYOTA COROLLA မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဆီခဲ ၈ ဒသမ ၂ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၄ ဒသမ ၈ သိန်း)၊ ဘိန်းစိမ်း ၄ ဒသမ ၂ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၅၀ ဒသမ ၄ သိန်း)နှင့် မြန်မာငွေကျပ် ၂ ဒသမ ၅ သိန်းကိုလည်းကောင်း။

ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ကျော်စွာဝင်း ခေါ် ထွေးပို ၄၀ နှစ်၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူသုည ဒသမ ၀၁ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၃၀၀ ကျပ်)အား ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနှင့်အတူ ဖြိုးဝေအောင် ခေါ် အောင်အောင်တို့ ၄ားရမ်းနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်ရှိနေအိမ်ကို ယင်းနေ့ နံနက် ၂ နာရီတွင် ဆက်လက်သွားရောက်ရှာဖွေရာ ဖြိုးဝေအောင် ခေါ် အောင်အောင် ၂၅ နှစ်ကို နေအိမ်၌ တွေ့ရှိခြင်းမရှိဘဲ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂ဒဋ္ဌ၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၃၂ သိန်း)၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ဂရမ် ၃၂၀ (တစ်ဂရမ်လျှင်ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၈ သိန်း)၊ ဘိန်းဖြူ ၃၈၇ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၆ ဒသမ ၁ သိန်း)နှင့် ဘိန်းဆီခဲ တစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၈ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၈ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် ကျော်စွာဝင်း ခေါ် ထွေးပိုနှင့် ဖြိုးဝေအောင် ခေါ် အောင်အောင် (ဖမ်းဆီးရန်ကျန်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

အီတလီနိုင်ငံ လီဗင်ညိုမြို့တွင် နှင်းထူထပ်စွာကျဆင်းမှုကြောင့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲတချို့ ရွှေ့ဆိုင်းခဲ့ရ

ရောမ ဖေဖော်ဝါရီ ၁၈

အီတလီနိုင်ငံ လီဗင်ညိုမြို့တွင် ဖေဖော်ဝါရီ ၁၇ ရက်က နှင်းထူထပ်စွာ ကျဆင်းမှုကြောင့် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲတချို့ ရွှေ့ဆိုင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အီတလီနိုင်ငံ လီဗင်ညိုမြို့တွင် ကျင်းပနေသော ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ အချိန်ဇယားအရ ဖေဖော်ဝါရီ ၁၇ ရက်မှာ အမျိုးသမီး Snowboard Slopestyle ပြိုင်ပွဲနှင့် Freestyle Aerials ပြိုင်ပွဲများကို ကျင်းပရမည်ဖြစ်သော်လည်း နှင်းများထူထပ်စွာ အဆက်မပြတ် ကျဆင်းနေခြင်းကြောင့် စစ်ဝတ်သူများက ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

ရာသီဥတု ဆိုးရွားမှုကြောင့် မြင်နိုင်စွမ်း လျော့နည်းလာခြင်းနှင့် ပြိုင်ကွင်းအတွင်း နှင်းထုထူထပ်လာခြင်းတို့သည် ပြိုင်ပွဲဝင်များ ၏ အသက်အန္တရာယ်လုံခြုံရေး စိုးရိမ်ရသဖြင့် တာဝန်ရှိသူများက အမျိုးသမီး ပြိုင်ပွဲများကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပြိုင်ကွင်းမပျက်စီးစေရန် ကွင်းထိန်းသိမ်းရေး အလုပ်သမားများက ဂေါ်ပြားများ အသုံးပြု၍ နှင်းထုဖယ်ရှားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသော်လည်း အပူချိန်မှာ အနုတ် ၆ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနေပြီး အေးခဲမှုအခြေအနေများ ဆက်လက်ရှိကြောင်း၊ ရာသီဥတု အခြေအနေ တည်ငြိမ်လာပါက ပြိုင်ပွဲများကို အမြန်ဆုံးပြန်လည် ကျင်းပနိုင်ရေးအတွက် စီစဉ်သူများက တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကက်စတယ်ပိခ်နယ်မြေရှိ နှင်းတောင်ပြိုကျမှုကြောင့် ဆီးနှင်းစကိတ်လျှောစီးသူ ၁၀ ဦးပျောက်ဆုံးနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကက်စတယ်ပိခ်နယ်မြေရှိ နှင်းတောင်တွင် ဖေဖော်ဝါရီ ၁၇ ရက်က နှင်းတောင်ပြိုကျမှုဖြစ်ပွားခဲ့ပြီး နှင်းတောင်ပြိုကျမှုကြောင့် ဆီးနှင်းစကိတ်လျှောစီးသူ ၁၀ ဦး ပျောက်ဆုံးနေကြောင်း အမေရိကန်အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေပြင်းတိုက်ခတ်မှုကြောင့် နှင်းတောင် ပြိုကျခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက အင်အားသုံးကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှင်းတောင်ပြိုကျမှု ဖြစ်ပွားခဲ့စဉ်အတွင်း လမ်းပြတစ်ဦးနှင့် ဆီးနှင်းစကိတ်လျှောစီးသူ ၁၂ ဦး အဆိုပါနေရာသို့ ရောက်ရှိနေခြင်းဖြစ်ပြီး လမ်းပြတစ်ဦးနှင့် ဆီးနှင်းစကိတ်လျှောစီးသူနှစ်ဦးသာ လွတ်မြောက်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ကြိုးစားနေသော်လည်း နှင်းတောင်ပြိုကျမှုမှာ အန္တရာယ်ရှိနေဆဲဖြစ်သည့်အတွက်ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နေရကြောင်း သိရသည်။

"ကက်စတယ်ပိခ်နယ်မြေ နှင်းတောင်ပြိုကျမှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ နှင်းတောင်ပြိုကျမှုကြောင့် ဆီးနှင်းစကိတ်လျှောစီးသူ ၁၀ ဦးပျောက်ဆုံးနေပါတယ်။ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမဲ့လဲ နှင်းတောင်ပြိုကျမှုဟာ အန္တရာယ်ရှိနေဆဲ ဖြစ်တဲ့အတွက်ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲတချို့ရှိနေပါတယ်" ဟု အမေရိကန်အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

တောမီးကို ထိရောက်စွာငြိမ်းသတ်ပေးနိုင်ရေးအတွက် မီးသတ်လေယာဉ်များဝယ်ယူရန် ကန်ဒေါ်လာ သန်း ၄၀၀ အသုံးပြုသွားမည်ဟု ကနေဒါအစိုးရက ထုတ်ပြန်

အော့တာဝါ ဖေဖော်ဝါရီ ၁၈

ကနေဒါနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း တောမီးလောင်ကျွမ်းမှုပြဿနာဖြင့် မကြာခဏ ရင်ဆိုင်ရပြီး တောမီးကို မြေပြင်မှ ထိရောက်စွာ ငြိမ်းသတ်နိုင်ခြင်း မရှိသည့် အခြေအနေများဖြင့် ရင်ဆိုင်ရသောကြောင့် မီးသတ်လေယာဉ်များ ဝယ်ယူဖြည့်တင်းပေးသွားမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း ကနေဒါအစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကို ငြိမ်းသတ်ရာတွင် ဒေသခံများ၏ အကူအညီကိုပါ ရယူနိုင်ရေးအတွက် တောမီးငြိမ်းသတ်ရေးနှင့်ပတ်သက်ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၀၀၀ ကျော်ထိ ဖန်တီးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်နှစ်တိုင်း တောမီးပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားတိုင်းလဲ ၈၀ ရာခိုင်နှုန်းလောက်က ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ အထူးသဖြင့် အယ်ဘက်တာပြည်နယ်မှာ တောမီးပြဿနာက တော်တော်လေးကို ဆိုးရွားပါတယ်။ မြေမျက်နှာသွင်အနေအထားကြောင့်လဲ တောမီးကို မြေပြင်ကနေ ငြိမ်းသတ်ဖို့ ခက်ခဲတဲ့အတွက် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့် ထိရောက်တဲ့ လေကြောင်း အကူအညီပေးနိုင်ဖို့ အတွက် ကြီးမားတဲ့မီးသတ်လေယာဉ်တွေ ဝယ်ယူဖြည့်တင်းပေးသွားမယ်။ အစိုးရအနေနဲ့လဲ ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခွင့်ပြုလိုက်ပါတယ်" ဟု ကနေဒါအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒန်နီလီစမစ်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် မဲလ်ဘုန်းမြို့မြောက်ဘက်တွင် တောမီးလောင်ကျွမ်းနေသဖြင့် သတိပေးချက်ထုတ်ပြန်

ကင်ဘာရာ ဖေဖော်ဝါရီ ၁၈

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် မဲလ်ဘုန်းမြို့ မြောက်ဘက်တွင် တောမီးလောင်ကျွမ်းနေသဖြင့် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

တောမီးလောင်ကျွမ်းမှု အန္တရာယ် မြင့်တက်လာသဖြင့် မဲလ်ဘုန်းမြို့ မြောက်ဘက်ရှိ ဒေသများတွင် အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ တောမီးသည် လူနေအိမ်များဆီကို ကူးစက်လာနိုင်ကြောင်း၊ တောမီး စတင်လောင်ကျွမ်းရာနေရာသည် မဲလ်ဘုန်းမြို့မှ မြောက်ဘက်ကီလိုမီတာ ၈၀ ခန့် ဝေးကွာသော သစ်တောနှင့်မြက်ခင်းပြင်များ ပေါများသည့်နေရာမှ ဖြစ်ကြောင်း သိရသည်။

တောမီးသည် အလွန်အန္တရာယ်ရှိနေပြီး ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အာဏာပိုင်များက သတိပေးထားကြောင်း၊ ယခုတောမီးလောင်ကျွမ်းရာနေရာတွင် လူဦးရေ ၉၀၀ ခန့် နေထိုင်လျက်ရှိကြောင်း၊ ယနေ့တွင် တောမီးလူနေအိမ်များ ဆီသို့ ကူးစက်လောင်ကျွမ်းမှု မရှိစေရေး မီးသတ်ယာဉ်များ၊ လေယာဉ်များနှင့် မီးသတ်ဝန်ထမ်းများကို အရေးပေါ်တပ်ဖြန့်ထားပြီး မီးထိန်းချုပ်နိုင်ရေး ကြိုးပမ်း လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဒေသခံများကို မီးလောင်ကျွမ်းရာ ဒေသအနီးသို့ မသွားရန်၊ လမ်းများပိတ်ဆို့နိုင်သဖြင့် အရေးပေါ်အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များကို လိုက်နာရန်နှင့် လိုအပ်သည့်အခါ အရေးပေါ် ကယ်ဆယ်ရေးဌာနများနှင့် ဆက်သွယ်ရန် တာဝန်ရှိသူများက အသိပေးထားပြီး တောမီးလောင်ကျွမ်းမှု အခြေအနေကို ဆက်လက်စောင့်ကြည့်လျက်ရှိပြီး ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေများသိရပါက တရားဝင် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

စပိန်နိုင်ငံ ရေဘေးဒဏ်သင့်ဧရိယာကို ပြန်လည်ထူထောင်ရေးအတွက် စပိန်အစိုးရက ကန်ဒေါ်လာ ဘီလီယံ ၈၀ ခွင့်ပြု

မက်ဒရစ် ဖေဖော်ဝါရီ ၁၈

စပိန်နိုင်ငံ ယူဘရီကွိနယ်မြေတွင် ဖေဖော်ဝါရီ ၈ ရက်တွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ လူနေအိမ်ခြေ အမြောက်အမြားနှင့် အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကန်ဒေါ်လာ ဘီလီယံ ၈၀ ခွင့်ပြုလိုက်ကြောင်း စပိန်အစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၂၄၀၀ ထိရှိခဲ့ပြီး စိုက်ခင်းများ ပျက်စီးခဲ့သည့်ဧရိယာမှာ ဟက်တာ ၁၄၀၀၀ ကျော်ထိ ရှိခဲ့ကြောင်း၊ စပိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ပုံမှန်ထက်မိုးရေချိန်မှာ ၃၈ ရာခိုင်နှုန်းထိ မြင့်မားခဲ့ကြောင်း သိရသည်။

"ယူဘရီကွိနယ်မြေမှာ ဖေဖော်ဝါရီ ၈ ရက်က ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၂၄၀၀ ရှိခဲ့ပါတယ်။ လူနေအိမ်ခြေ အမြောက်အမြား ပျက်စီးခဲ့သလို အခြေခံ အဆောက်အအုံတွေလဲ ပျက်စီးခဲ့ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေကို လျော်ကြေးငွေအနေနဲ့ ပေးဆောင်သွားမှာဖြစ်သလို ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုလဲ အစိုးရအစီစဉ်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၈၀ ထိ ခွင့်ပြုပေးလိုက်ပါတယ်" ဟု စပိန်အစိုးရ ဘဏ္ဍာရေးဝန်ကြီး မာရီယာကျီးဆပ်စ်က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

(၁)

"ဝမ်းစာရေးရယ်တွေးလို့သာ မအေးခဲ့နိုင်ပေ တယ်..... တစ်နေမြင် တစ်နေခန်း ပင်ပန်းနွမ်းလျဖွယ်.....ပိုက်ကွန်ဖြန့်ပါလို့ သနားစရာဘဝ ဝယ်ကို တံငါတွေရယ်.....ရွာအဝင်ကမ်းပါးရိပ်ဝယ် ပြန်လမ်းကိုပဲ တမ်းတမျှော်သူမယ်....ဇရာမြစ်ပြင် သို့ဝယ် ရွှေလည်မော့ကာ ကျေးမယ်တပါးရယ်..."

အဆိုတော်ကြီး တွံတေးသိန်းတန် သီဆိုထားသည့် ကိုတံငါသီချင်းကို အဖေလေဦးပိုင်းမှာ ဆေးလိပ်ကလေးကိုဖွာလိုက် ငါးစာအသစ်တွေကို အိပ်ထဲထည့်လိုက်လုပ်ကာ သီဆိုနေတယ်။ ကိုတံငါ သီချင်းကို အဖေကြိုးတန်းသွားဖော်တိုင်း သီဆိုနေကြ။ အဖေ့ရဲ့လက်သုံးသီချင်းဖြစ်သလို အဖေအရမ်းကြိုက်တဲ့အဆိုတော်ရဲ့ သီချင်းလို့လည်းပြော လို့ရတယ်။

"လူကလေးရေ၊ လေ့ကို ရိုးထဲဝင်လိုက်ကွာ။ အဖေ့ကြိုးတန်းတွေက ရိုးထဲက သပြေပင်ပေါက်တွေရဲ့ဘေးမှာချထားတာ"

အဖေကလေ့ကို ရိုးထဲဝင်ရန် ညွှန်ပြကာ ကျွန်တော့်ကို ပြောသည်။ ကျွန်တော် အဖေညွှန်ပြသောရိုးထဲသို့ လေ့ကိုဝင်ခဲ့လိုက်သည်။

ရိုးထဲကိုဝင်ခဲ့ချိန် ခပ်လှမ်းလှမ်းမှာ လေ့တစ်စင်းပြန်ထွက်လာတာတွေ့လိုက်တယ်။ အနီးနားရောက်ခါနီးမှ ကြည့်လိုက်တော့ ဦးလေးအောင်ကြီး လေ့ဖြစ်နေတယ်။

"ကိုမောင်သိန်းတို့ သားအဖပါလား။ ကြိုးတန်းလာဖော်ကြတာထင်တယ်"

"ဟုတ်တယ်ကိုအောင်ကြီးရေ၊ သားလဲ ကျောင်းပိတ်ရက် အိမ်ခဏပြန်လာတာနဲ့ အဖော်ရအောင် ခေါ်လာခဲ့တာ"

ကျွန်တော်ဦးလေးအောင်ကြီး၏လေ့ထဲ အမှတ်မထင်ကြည့်လိုက်မိသည်။ ငါးရံ့နှစ်ကောင်နှင့် ငါးကြင်းသုံးကောင်တွေ့ရသည်။ ဒီနေ့ ဦးလေးအောင်ကြီးအတွက် ဟင်းစားကမဆိုးဘူးဟု တွေးမိသည်။ ဦးလေးအောင်ကြီးလည်း ကျွန်တော်တို့သားအဖကိုနှုတ်ဆက်ပြီး ရိုးထဲကနေရွာဘက်ကို လှော်ထွက်သွားလေသည်။

ကျွန်တော့်လေ့ကို အဖေ့ကြိုးတန်းတွေဆီ ကပ်ပေးလိုက်သည်။ ကြိုးတန်းအခြေအနေကြည့်လိုက်ချိန်မှာကြိုးတန်းကငြိမ်နေသည်။ ရေပြင်မှာ လည်းလှုပ်ရှားတာမတွေ့ရ။ ငါးတိုးထားတာ ကြာနေရော့သလား။ ငါးတိုးတာ အချိန်ကြာသွားလျှင်လည်း ကြိုးတန်းတွေ ငြိမ်သက်နေသည်က များသည်။ အဖေ့လက်တွေက ကြိုးတန်းတွေတစ်ခုပြီး တစ်ခု ဖော်နေလေရဲ့။

"အဖေ...အခြေအနေဘယ်လိုလဲဗျ"

မနေနိုင်တာနှင့် အဖေ့ကိုလှမ်းမေးမိသည်။ ဟော...ပြောရင်းပင် အဖေငါးတစ်ကောင်မိ၍ ဖြုတ်နေသည်။

"အခုတော့ ငါးရံ့တစ်ကောင်ပဲတိုးသေးတယ် ကွာ။ ကျန်တဲ့ကြိုးတန်းတွေ ဖော်ကြည့်ရအုံးမှာပဲကွ"

အဖေဖော်ပြီးသားကြိုးတန်းတွေ၊ အစာဟောင်းတွေကိုဖြုတ်ပြီး ငါးစာအသစ်တွေကို ပြန်တပ်သည်။ ကြိုးတန်းတွေ အကုန်ဖော်ပြီးချိန်မှာ ငါးရံ့သုံးကောင်နှင့်ငါးကြင်းနှစ်ကောင်ရသည်။ ဒီနေ့အတွက် အဆင်ပြေသည်ဟု ဆိုရမည်။

(၂)

"ကိုမောင်သိန်း၊ ရှင့်ကို ရွာဦးကျောင်း ဆရာတော်က လာခဲ့ပါအုံးတဲ့တော်"

"ဟင်....ဟုတ်လား၊ အဲ့ဒါဆိုလဲ ညနေကျမှ ငါသွားလိုက်မယ်ကွာ"

"သွားဖြစ်အောင်သွားနော်။ ဆရာတော်က ကျွန်မ ဆွမ်းသွားပို့တော့ ရှင့်ကို ကျောင်းကိုလာခဲ့ဖို့ သေချာ မိန့်လိုက်တာ"

"အေးပါဟာ၊ ငါသွားမှာပါ ဆရာတော့်အကြောင်းကို နင်လဲသိ၊ တစ်ရွာလုံးလဲ သိနေတာပဲဟာ။ ဆရာတော်က ခေါ်ရင်ဘယ်သူကနေ့ဝ့်လို့လဲ"

"အဖေ ညနေကျရင် ဆရာတော်ကျောင်းကို သွားလိုက်ပါဗျာ။ ကျွန်တော်ပဲ မနက်ကချခဲ့တဲ့ ကြိုးတန်းတွေကို သွားဖော်လိုက်ပါ့မယ်"

ညနေပိုင်းရောက်ချိန် ကျွန်တော်ရိုးထဲကို တစ်ယောက်တည်းထွက်လာခဲ့သည်။ အဖေက ဆရာတော့်ကျောင်းကို သွားလေသည်။

ကျွန်တော်အိမ်ပြန်ရောက်ချိန် အဖေ ကျွန်တော့် ထက်အရင် အိမ်ကို ရောက်နှင့်နေသည်။

"လူကလေးရေ၊ ဘယ်လိုလဲကွ ငါးတိုးရဲ့လား"

"ကျောင်းအတွက် ဆွမ်းဟင်းတော့ရပါတယ် အဖေရယ်။ အိမ်အတွက် ဟင်းစားတော့မရဘူးဗျ"

"အေးပေါ့လူလေးရာ၊ အကုသိုလ်အလုပ်ဆိုပေမဲ့လဲ ဆွမ်းအတွက်တစ်ဖက်မှာ ကုသိုလ်ရနေတော့လဲ တစ်မျိုးတော့ကောင်းပါတယ်ကွာ"

"ကိုမောင်သိန်း ဆရာတော်က ရှင့်ကိုဘာ မိန့်လိုက်တာလဲ"

အမေ အဖေ့ကိုမေးလိုက်ချိန်မှာ ကျွန်တော်လည်း သိချင်စိတ်ဖြစ်လာခဲ့သည်။

"ဒီလိုကွ...ဆရာတော်က တို့ရွာထိပ်ကချောင်းကူးတံတားကိုပြင်ကြဖို့နဲ့ ငါတို့သားကိုကျောင်းပြီးတာနဲ့ ရွာစာသင်ကျောင်းမှာ စာကူပြီးသင်ပေးဖို့ မိန့်တာပါကွာ"

"ဒါကတော့ ဟုတ်တာပေါ့။ ကျွန်မတို့သားလေးလဲ ဒီနှစ်ပြီးရင်ကျောင်းပြီးပြီလေ။ ရွာကျောင်းမှာလဲ ဆရာ မလုံလောက်တော့ တတ်နိုင်တဲ့ဘက်ကူညီရမှာပေါ့"

အမေက အားတက်သရော ပြောရှာလေသည်။

"သားဆန္ဒကဘယ်လိုရှိလဲ။ အမေတို့ကို ပြောပါအုံး"

"အမေရယ်၊ ရွာအကျိုးရပ်အကျိုးပဲဗျာ သားက ပိုတောင်ကူညီချင်ပါသေးတယ်။ စိတ်ချပါ သားကျောင်းပြီးတာနဲ့ ရွာကကျောင်းမှာ ကလေးတွေကို စာသင်ပေးဖို့စိတ်ကူးရှိပြီးသားပါ"

"သားကို အဖေပြောစရာရှိတယ်ကွ"

အဖေက ဆေးလိပ်မီးကို လက်ဖြင့်ခြွေလိုက်ပြီး ကွပ်ပျစ်တိုင်ပေါ်တင်လိုက်သည်။ ဆေးလိပ်ကို အဖေ အရမ်းကြိုက်သည်။ ကျွန်တော်ငယ်စဉ်ကလေး ဘဝကတည်းက အခုချိန်ထိ အဖေဆေးလိပ်ကို နှစ်ခြိုက်စွာ သောက်နေတုန်းပင်။

"ပြောပါအဖေ။ ကျွန်တော် နားထောင်နေပါတယ်"

"လူကလေး တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး ဆိုတဲ့စကားကို ကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့..ကြားဖူးပါတယ် အဖေ"

"အဖေဟာ တံငါသည်အလုပ်နဲ့ အသက်မွေးလို့ လူလေးကိုလဲ နောင်တစ်ချိန်မှာ အဖေ့လိုတံငါ တစ်ယောက်ဖြစ်လာမှာပဲလို့ လူတွေက ထင်ကြလိမ့်မယ်။ ဒီလိုပဲ မုဆိုးတစ်ယောက်ရဲ့သားဟာ သူ့အဖေ လိုပဲ နောင်တစ်ချိန်မှာ မုဆိုးတစ်ယောက်ဖြစ်လာမှာပဲ လို့ ထင်ကြမှာပဲကွ။ ယေဘုယျသဘောတရားအရ ကြည့်မယ်ဆိုရင်တော့ မှန်တာပဲကွ။ ဒါပေမဲ့သွန်သင်တဲ့သူနဲ့ လက်ခံကျင့်သုံးတဲ့သူအပေါ်မှာလဲ မူတည်သေးတယ်။ အဖေ့ရည်ရွယ်ချက်က လူလေးကို အဖေ့လိုတံငါလုပ်တဲ့သူတစ်ယောက်မဖြစ်စေရဘူး။ ပညာတတ်တစ်ယောက်ဖြစ်ဖို့နဲ့ လောကအလယ်မှာ ဂုဏ်ရှိရှိနဲ့ရပ်တည်နိုင်တဲ့ သူတစ်ယောက်ဖြစ်ရမယ်လို့ အဖေလူလေးကို ရည်ရွယ်ထားခဲ့တာ။

(၃)

ကျွန်တော်တို့ အဝေးသင်ကျောင်းသားတွေ အတွက် သုတ်သုတ်သွား၊ သုတ်သုတ်စား၊ သုတ်သုတ်ကျက်၊ သုတ်သုတ်ဖြေလို့ပဲဆိုရမည်။ တစ်နှစ်ကို တစ်လကျော်ပင် ကျောင်းတက်ရပြီး စာမေးပွဲဖြေကြရသည်။

စာမေးပွဲဖြေအပြီး အိမ်ကိုပြန်သည့် ခြေလှမ်းတိုင်းကတက်ကြွနေသည်။ အဖေနှင့်အမေ ကျွန်တော် ပြန်အလာကို မျှော်နေကြရော့မည်။

"အဖေ.....အမေ"

ကျွန်တော့်ခေါ်သံကြား၍ အမေအိမ်ထဲမှ ပြေးထွက်လာသည်။

"ဟယ်.....သားပြန်လာပြီ၊ စာမေးပွဲဖြေနိုင်ရဲ့လား သားလေး"

"ဖြေနိုင်ပါတယ်အမေရယ်၊ ဘာမှစိတ်မပူနဲ့ နော်....ဒါနဲ့ အဖေကိုမမြင်ပါလား အမေ"

"သားအဖေက ရွာထိပ်ကတံတားဆောက်တဲ့ဆီ မှာလေ။ အချိန်ပြည့်နီးပါး အဲ့ဆီမှာပဲ အချိန်ကုန် နေတာကွယ်"

ဆရာတော်၏ မိန့်ကြားမှုဖြင့် အဖေရွာထိပ်က တံတားကို ဦးဆောင်ပြီး လုပ်နေတာဖြစ်မည်။

"သား အဖေ့ဆီ လိုက်သွားအုံးမယ်အမေ"

"အခုမှပြန်ရောက်တာသားရယ်၊ ခဏတော့ နားပါအုံးကွယ်"

"ခဏပါအမေရယ် မကြားပါဘူး။ ပြန်လာမှ ထမင်းစားပြီး အေးဆေးနားတော့မယ်နော်"

ကျွန်တော်အမေ့ကို ခွင့်တောင်းပြီး အဖေရှိရာ ရွာထိပ်ဘက်ကို ထွက်လာခဲ့လိုက်သည်။ ရွာထိပ်ပိုင်း မရောက်ခင်မှာပင် တံတားလုပ်နေကြသော အဖေတို့ အဖွဲ့ကို ခပ်လှမ်းလှမ်းမှပင် မြင်နေရသည်။ ကျွန်တော် ရောက်သွားချိန် အဖေသည် တံတားလက်ရန်းဘောင် တွေကို တပ်ဆင်နေသည်။ တံတားတည်ဆောက်မှုက ပြီးစီးသလောက်ပင်ဖြစ်နေသည်။

အဖေက တံငါသည်တစ်ယောက်ဖြစ်ပေမဲ့ ကုသိုလ်ရေးဘက်မှာဆိုလည်း လက်မနှေးပေ။ ရွာ၏ သာရေးနာရေးမှန်သမျှ အဖေကိုယ်တိုင်ပါဝင်သည်။ ဝမ်းစာရေးအတွက်ကြောင့် တံငါအလုပ်ကို လုပ်ကိုင်နေရပေမဲ့ ကျွန်တော်ကျောင်းပြီးတာနှင့် အဖေ တံငါအလုပ်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားသည်။

"အဖေ"

"ဟာ လူလေးပါလား၊ ဘယ်အချိန်က ရောက်နေတာလဲ"

"အခုမှ ရောက်တာအဖေ၊ အိမ်မှာ အဖေ့ကို မမြင်တာနဲ့ အမေ့ကိုမေးပြီး လာခဲ့တာ"

"စာမေးပွဲ ဖြေနိုင်ရဲ့လား စွမ်းထက်"

ဦးလေးအောင်ကြီးက ကျွန်တော့်ကိုလှမ်းမေး လေသည်။ အဖေတို့အဖွဲ့က လူများသည်။ ရွာအကျိုး ဖြစ်သောကြောင့် ရွာမှာရှိသော လူငယ်ပိုင်းအပါ အဝင် အသက်အတန်ကြီးသူတွေကပါ ဝင်ရောက် လုပ်ကိုင်ကြသည်။ အချို့လူကြီးပိုင်းတွေက အကြံ ဉာဏ်နှင့်အတွေ့အကြုံကို ပေးကြသည်။

"ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ် ဦးလေးအောင်ကြီး"

"အေးဟေ့၊ ဝမ်းသာတယ်ကွာ တို့ရွာတော့ ပညာတတ်တစ်ယောက်ထွန်းကားတာပဲကွ"

ထမင်းစားချိန်လည်း ရောက်နေပြီမို့ အားလုံး လည်း ကိုယ်စီအိမ်ကို ပြန်သွားကြသည်။ကျွန်တော် နှင့်အဖေလည်း တံတားအခြေအနေကို ခဏကြည့်ပြီး အိမ်ကို ပြန်ခဲ့ကြသည်။

(၄)

ဒီနေ့ ရွာထိပ်ဘက်တံတားဆီ လုပ်အားသွားပေး ရင်းပိုင်းကူလုပ်ပေးနေခဲ့သည်။ အဖေ့ကို အိမ်မှာပင် နားနေရန် ပြောထားရသည်။ ဒီရက်ပိုင်း အဖေ့ကျန်းမာရေးက သိပ်မကောင်း။ ဆေးလိပ်ကို လည်းမသောက်ဖို့ပြောထားရသည်။

"အမေ....မနက်ဖြန်တံတားနာမည်ပေးဖို့ လူကြီး တွေပြောနေကြတယ်။ တံတားကလဲ အခုဆို ပြီးခါ နီးနေပါပြီ၊ အဖေ့ကို နာမည်ရွေးခိုင်းနေကြတယ်"

ညနေဘက်ပိုင်း အိမ်ကိုခဏပြန်လာခဲ့ပြီး တံတားအကြောင်း အမေ့ကိုပြောပြလိုက်သည်။ အဖေ့ကိုမမြင်တာနှင့်..... **စာမျက်နှာ ၂၅ သို့ á**

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ထီးချိုင့် ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဇကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၀၈၈ ဇကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဇကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဇကလျှင် ၁၃ ဒသမ ၄၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၈၀၈၈ ဇကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်ပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ညောင်ရွှေမြို့နယ် ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မိုင်းပျိုးကျေးရွာ အုပ်စု ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကြေးထက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ ဒသမ ၁၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ကြေးထက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၅ ဦးကို ငွေကျပ် ၅၇ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

နွေဦးကာလ

- လက်ပံတွေ နီတျာရဲ
  လေပျံဝဲ ကြွေကျလာ၊
  ပျော်စရာ ပြေးလွှားကောက်
  ခုန်ပေါက်လျက်သာ၊
  လေတဖြူးဖြူး နွေအခါ
  ပင်အောက်မှာ ထမင်းစား၊
  ဥသြငယ် ပင်ယံဦး
  တေးကျူးနေသား။။

- နွေပန်းချီ အလှတရား
  မြစ်ချောင်းများ သောင်ထွန်းနေ၊
  ငှက်သမ္မန် ရွက်ကိုလွှင့်
  လေသင့်လမ်းဖွေ၊
  ငါးဖမ်းတဲ့ တံငါတွေ
  လှုပ်ရှားပေ မြစ်အတွင်း၊
  မြူခိုးမှုန် ဝိုးတဝါးဝယ်
  ကြိုးစားနေခြင်း။။

- ရိုးတံကျန် ရွက်သစ်စ
  ရွက်ဟောင်းကျ အချိန်မှန်၊
  နွေရာသီ လွမ်းဖွယ်ပျိုး
  နှီးဆော်နေပြန်၊
  ဖုန်လုံးများ လှိုင်းသဏ္ဌာန်
  ဝှေ့မြူးကျန် လမ်းတစ်လျှောက်၊
  နွေမျက်နှာ စာရွက်ဖွင့်မှာ
  ကြိုလင့်လို့ရောက်။။

ဖြိုးထက်(ရေစကြို)

á **စာမျက်နှာ ၂၄ မှအဆက်**

"အမေ ....အဖေ့လဲမတွေ့ပါလား"

"သားအဖေက မနေ့ကကြိုးတန်းတွေသွားဖော်ဖို့ ရိုးထဲကို ထွက်သွားလေရဲ့ကွယ်"

"အဖေကလဲဗျာ ကျွန်းမာရေးလဲကောင်းတာမဟုတ်ဘဲနဲ့။ ကျွန်တော်သွားပါမယ်လို့ ပြောထားတာကို"

"အမေပြောတာလဲ မရပါဘူးကွယ်၊ မနက်ဖြန် တံတားလုပ်နေတဲ့ သူတွေကို ငါးဟင်းကောင်းကောင်းလေးနဲ့ ထမင်းကျွေးချင်လို့ဆိုပြီး ထွက်သွားတာပဲကွယ်"

ကျွန်တော် အိမ်ရှေ့ကမ်းပါးဘက်ထွက်လာခဲ့ပြီး မြစ်အထက်ပိုင်းကို မျှော်ကြည့်လိုက်သည်။ ဒီအချိန်ဆို အဖေပြန်လာချိန်နီးနေပြီဖြစ်သည်။ ခပ်လှမ်းလှမ်းမှာ လှေတစ်စင်း လှော်ခတ်လာတာ တွေ့လိုက်ရသည်။ အတန်ငယ်ဝေးနေသောကြောင့် သိပ်ပြီးမသဲကွဲပေ။ အဖေ့လှေပင်ဖြစ်ရမည်။ တဖြည်းဖြည်း နီးလာချိန်သဲကွဲလာသည်။ အဖေ့လှေမဟုတ်၊ ဦးလေးအောင်ကြီး၏ လှေဖြစ်နေသည်။ လှော်ခတ်လာပုံကြည့်ရသည်မှာ အလောတကြီးဖြစ်၍နေသည်။

"ဟာ"

ကျွန်တော်မျက်လုံးအမြင်အာရုံများ ရုတ်တရက်ဝေဝါးပြီး မိုက်ကနဲဖြစ်သွားသည်။

"လှေဝမ်းထဲမှာ အဖေလဲနေပါလား"

"ဦးလေး အဖေဘယ်လိုဖြစ်တာလဲဗျာ"

"ဦးလေးလဲ ရိုးထဲကိုသွားတော့ လူလေးရဲ့ အဖေက လှေထဲမှာ လဲနေတာတွေ့ရတာပဲ။ ခေါ်ကြည့်တော့လဲ ဘယ်လိုမှမရဘူး။ ဒါနဲ့ သူ့ကို လှေပေါ်ပွေ့တင်ပြီး ရွာကိုအမြန်ပြန်ခဲ့ရတာပဲကွာ"

လှေကို အလောတကြီးလှော်ခဲ့ရသောကြောင့် ဦးလေးအောင်ကြီးမှာ ချွေးတွေပြန်နေပြီး လူလည်း မောပန်းနေသည်။ အဖေ့ကို မြို့ကဆေးရုံကို အမြန်ပို့ဖို့ ဝိုင်းပြီးလုပ်ရသည်။ အဖေ့ကိုစက်လှေပေါ် ကျွန်တော်ကိုယ်တိုင်ပွေ့တင်လိုက်သည်။ အဖေ့ ရင်ဘတ်ပေါ်နဲ့ပါးစပ်မှာ သွေးကွက်တချို့ကိုပါတွေ့လိုက်ရသည်။ စိတ်ထဲမှာ အဖေဘာမှမဖြစ်စေဖို့သာ ဆုတောင်းနေရသည်။ အမေ့ကို အိမ်မှာပဲထားခဲ့ပြီး စိတ်မပူဖို့ပြောခဲ့ရသည်။

ဆေးရုံကိုရောက်ချိန် လူနာကုတင်ပေါ် အရင်ဆုံး အဖေ့ကိုတင်လိုက်သည်။ ဆရာဝန်ကြီးတွေရောက်လာပြီး အဖေ့ကို စမ်းသပ်ကာအရေးပေါ်အခန်းထဲသွင်းကြသည်။

အချိန်သိပ်မကြာခင်မှာပင် အရေးပေါ်အခန်းထဲမှ ဆရာဝန်ကြီး ထွက်လာသည်။ ကျွန်တော့်ခြေလှမ်းများ မည်သို့လှမ်းလိုက်သည်မသိ။ ဆရာဝန်ကြီးရှေ့ကို ရောက်သွားသည်။

"ဆရာတို့ စိတ်မကောင်းပါဘူးကွယ်။ ငါ့တူအဖေရဲ့အသက်ကိုကြိုးစားပြီးကယ်တင်ပေမဲ့ ဆရာတို့ဘယ်လိုမှမရတော့လို့ လက်လွှတ်ခဲ့ရလိုက်ပြီ။ နှစ်အကြာကြီးဆေးလိပ်ရဲ့ဆိုးကျိုးကို အဆုတ်က ဒဏ်မခံနိုင်သလို ရုတ်တရက်အစာအိမ်သွေးကြောကပါ ပေါက်သွားတော့ ဆရာတို့ဘယ်လိုမှ မတတ်နိုင်တော့ဘူးကွယ်"

ဆရာဝန်ကြီး၏ စကားအဆုံးမှာ ကျွန်တော့်ခန္ဓာကိုယ်အရုပ်ကြိုးပြတ်ဖြစ်သွားသလားပင်ထင်ရသည်။ လူကအလိုလို ဆေးရုံအောက်အခင်းပေါ်ထိုင်ကျသွားသည်။

ဦးလေးအောင်ကြီး ကျွန်တော့်ကိုဆွဲထူပြီး အားပေးနှစ်သိမ့်စကားပြောသည်။ အဖေ့ကိုလည်း အရေးပေါ်အခန်းထဲက ထုတ်လာပြီဖြစ်သည့်အတွက် အသက်မဲ့နေသော အဖေ့ခန္ဓာကိုယ်ကို ရွာပြန်သယ်ခဲ့ကြတော့သည်။

(၅)

အဖေ့အတွက် ရက်လည်ပြုလုပ်ပြီးချေပြီ။ တံတားပြီးစီး၍ ဖွင့်ပွဲလုပ်သည့်နေ့မှာလည်း အဖေ့အတွက်ရည်စူးပြီး ဆရာတော်နှင့် ရွာသားများက အမေ့ကိုရေစက်ချအမျှဝေစေသည်။ အဖေဦးစီးပြီး တည်ဆောက်ခဲ့သည့်တံတားဖြစ်၍ အဖေမဆုံးခင်က တံတားအမည်ကို အေးရိပ်မွန်ဟုရွေးခဲ့သည့်အတိုင်းပင် တံတားနာမည်ကို ပေးခဲ့သည်။ ကျောင်းသွားကျောင်းအပြန် ဒီတံတားပေါ်က ကျွန်တော်ဖြတ်တိုင်း အဖေ့ကို လွမ်းဆွတ်မိသည်။ အဖေ့ပုံရိပ် ကျွန်တော့်ဘေးမှာ ရှိနေသလို ခံစားရသည်။

"သား...ကျောင်းဆင်းလာပြီလား"

ကျွန်တော် ညနေပိုင်းကျောင်းမှပြန်လာချိန် အမေကွပ်ပျစ်လေးပေါ် ထမင်းပြင်ကာ မေးသည်။

"ဟုတ် ပြန်လာပြီအမေ"

ထမင်းဝိုင်းမှာ လူမစုံတော့ပေ။ ထမင်းလက်ဆုံစားတိုင်း အဖေ့ကို အမြဲတမ်းသတိရမိသည်။

အမေနှင့်ထမင်းအတူစားရင်းစိတ်က အဖေ့ဆီကိုသာ ရောက်နေမိသည်။

ကျွန်တော်ထမင်းစားပြီး မြစ်ကမ်းဘက်သို့ ထွက်လာစဉ်

"ဝမ်းစာရေးရယ် တွေးလို့သာမအေးခဲ့ နိုင်ပေတယ်...တစ်နေမြင်တစ်နေခန်း ပင်ပန်းနွမ်းလျဖွယ်.....ပိုက်ကွန်ဖြန့်ပါလို့ သနားစရာဘဝဝယ် ကိုတံငါတွေရယ် ..... ရွာအဝင်ကမ်းပါးရိပ်ဝယ် ပြန်လမ်းကိုပဲ တမ်းတမျှော်သူမယ်.....ဇရာမြစ်ပြင်သို့ဝယ် ရွှေလည်မော့ကာ ကျော့မယ်တပါးရယ်" ကိုတံငါသီချင်းဆိုသံနှင့်အတူ

လှေတစ်စင်း လှော်ခတ်သွားသည်ကို တွေ့ရသည်။ ဦးလေးအောင်ကြီး၏ လှေပင်ဖြစ်သည်။

ကိုတံငါသီချင်းသည် အဖေအရမ်းကြိုက်သော သီချင်းဖြစ်သလို အမြဲဆိုနေကြဖြစ်သည်။

ဇရာမြစ်ပြင်က ပုံမှန်အတိုင်းငြိမ်သက်နေသလို အဖေ့လှေကလေးကလည်း မြစ်ကမ်းတွင် ဒီအတိုင်းပင်ရှိနေခဲ့သည်။ ယခု အဖေ့ကိုယ်ပွားအဖြစ်နှင့်ပင် ထားရှိခဲ့သည်။

"အဖေ သားအဖေမြင်တွေ့ချင်တဲ့ ကျောင်းဆရာတစ်ယောက်ဖြစ်နေပါပြီ။ ရောက်ရာဘုံတစ်ခုကနေ အဖေသားကိုကြည့်ပြီး ကျေနပ်ဝိတိ အပြုံးတွေနဲ့ ဖြစ်နေမယ်ဆိုတာ သားသိပါတယ်အဖေ။ အဖေ ဖြစ်စေချင်တဲ့လောကအကျိုး၊ အများအကျိုးသယ်ပိုးနိုင်တဲ့သူအဖြစ်နဲ့ ဂုဏ်ရှိစွာ ရပ်တည်သွားပါမယ်အဖေ။ အဖေဟာ အများအမြင်မှာ တံငါသည်တစ်ယောက်ဖြစ်ပေမဲ့ သားအတွက်တော့ အဖေပျိုးခဲ့တဲ့ လက်တစ်စုံဟာ လောကကို အလှဆင်နိုင်တဲ့ လက်တစ်စုံပါပဲအဖေ။ အမေနဲ့သားအတွက် စိတ်ချပြီး အေးချမ်းတဲ့ဘုံတစ်ခုမှာ ငြိမ်းချမ်းစွာ အနားယူပါတော့ အဖေရယ်....."

ဆုလတ်မေ

ထူးမြတ်သည့်လတပေါင်း

တပေါင်းလသည် မြန်မာလများတွင် ၁၂ လ မြောက်ဖြစ်ပြီး တစ်နှစ်တာ၏ နောက်ဆုံးလလည်း ဖြစ်သည်။ ပထမလဝက်တွင် ဆောင်းရာသီ ကျရောက်ပြီး ဒုတိယလဝက်တွင် နွေရာသီကျရောက်သည်။ ဆောင်းကူးနွေအစ သာယာလှသော ရာသီလဖြစ်သည်။ တပေါင်းလသည် ထန်းပင်နှင့် သက်ဆိုင်သောအမည်ဖြစ်သည်။ တပေါင်းလသည် ထန်းဖိုပင်များမှခံယူရရှိသည့်ထန်းရည်ကို မီးနှင့် ကျိုချက်ပြီး ထန်းလျက်ပြုလုပ်သည့်လဖြစ်၍ ထန်းရည်များ ပေါင်းစပ်ကျိုချက်ကြခြင်းဖြင့် ထန်းပေါင်းဟူသောစကားမှ ရွှေ့လျားလာခြင်း ကြောင့် တပေါင်းလဟုခေါ်တွင်ခြင်းဖြစ်သည်။ တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက် ဖြစ်၍ "နေ့ပူလို့ညချမ်း တပေါင်းလ လသရမ်း"ဟုပင် ဆိုစမှတ်ပြုကြသည်။ ဗေဒင်အလိုကား တပေါင်းလ သည် မိန်ရာသီဖြစ်သည်။ ရာသီရုပ်မှာ ငါးကြင်းပွတ် ရုပ်ဖြစ်ပြီး အင်ကြင်းပန်းနှင့် သရဖီပန်းများပွင့်ဖူး ကြသည်။ ရာသီပွဲမှာ သဲပုံစေတီပွဲဖြစ်သည်။

တပေါင်းလသဲပုံစေတီပွဲ

ပတ်ဝန်းကျင်သာယာလှပသော တပေါင်းလ တွင် ရှေးယခင်က သဲပုံစေတီပွဲများကို ရွှေနန်းတော် ကြီးမှစ၍ ကျေးလက်တောရွာများထိ ဆင်နွဲကျင်းပ ကြသည်။ ထို့ပြင် မြစ်ရေ၊ ချောင်းရေတို့သည်လည်း ကြည်လင်စိမ်းမြနေ၍ ရေလုပ်ငန်းလုပ်ကိုင်သော ကိုတံငါတို့အတွက် ငါးကျချိန်၊ ငါးမြှားချိန်လည်း ဖြစ်သည်။ ထို့ကြောင့် ကြည်လင်သောမြစ်ရေပြင်၌ လှေငယ်များဖြင့် ကိုတံငါများ ပိုက်ကွန်ချကာ ငါးဖမ်း နေပုံကိုမြင်ယောင်မိလာအောင် မဟာအတုလမင်းကြီး က "ကိုတံငါလည်း သာသာဘောင်တင်၊ ပျော်မြှားသာ ရှင်တော့တယ်၊ သဘင်လခါမီကို သဲစေတီ၌ဆောင် ကမ်းက လွမ်းလှတယ်လေး"ဟု ဖွဲ့ဆိုခဲ့သည်။

တပေါင်းလသို့ ရောက်သောအခါ မြစ်များ၊ ချောင်းများ၌ ရေခန်းကာ သဲခုံ၊ သောင်ခုံဖြူဖြူ ဖွေးဖွေးကလေးများ ပေါ်ထွန်းလာလေ့ရှိသည်။ ထိုရာသီသည် လယ်ယာထွက်သီးနှံများကို ရောင်းချချိန်ဖြစ်သဖြင့် တောင်သူဦးကြီးတို့ ငွေစရှင် သည့်ရာသီဖြစ်သည်။ လယ်ယာလုပ်ငန်းများပြီးစီး၍ လုပ်ငန်းခွင်မှ အနားယူချိန်လည်းဖြစ်သည်။ ထိုသို့ အကြောင်းညီညွတ်သောအချိန်ဖြစ်၍ မြန်မာဘုရင် များသည် ထိုလတွင် သဲပုံစေတီပွဲကို ရာသီပွဲအဖြစ် သတ်မှတ်၍ ရွှေနန်းတော်ကြီးမှသည် ကျေးလက် တောရွာများထိ ခြိမ့်ခြိမ့်သဲဆင်နွဲကျင်းပကြသည်။ သဲပုံစေတီပွဲသည် ဗုဒ္ဓဘာသာမှဆင်းသက်လာသည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင်ထွန်းကားလာချိန်ကပင် ရှိခဲ့ သောပွဲတော်ဖြစ်သည်။

သဲပုံစေတီတည်ထားပုံနှင့် ပွဲသဘင်ကျင်းပပုံ တို့မှာ ထူးခြားလှပါသည်။ သဲသောင်ပြင်ပေါ်က သဲဖြူလွှလွှ၊ ငွေရောင်တောက်နေသော သဲများကို လူငယ်လူပျို၊ လုံမပျိုလေးများက သယ်ယူကာ သဲစေတီတည်မည့်သောင်ခုံပေါ်၌ စုပုံထားရသည်။ သဲများအလုံအလောက်ရပြီးသောအခါ စနစ်တကျ သန့်ရှင်းပြီး ရစ်ခွေထားသည့်ဝါးခွေကြီးများကို တစ်ဆင့်ပြီးတစ်ဆင့်တင်ကာ သဲများကို လောင်း ထည့်ရသည်။ စေတီတော်ပုံစံအတိုင်း ဖောင်းရစ် များဖြင့် အထက်ဌက်ပျောဖူးတိုင်အောင် ဝါးခွေများ ခံပြီး သဲများကိုထည့်ရသည်။ ဤသို့ သပ်ရပ်ညီညွတ် စွာဖြင့် စေတီတော်တစ်ဆူပုံသဏ္ဌာန်ပေါ်လာသော အခါ စက္ကူဖြင့်ထီးတော်ပြုလုပ်၍ ထိပ်တွင် တင်လှူ ကြသည်။ ရှေးအခါကာလမှ ယခုကာလထိ လူတိုင်းဘုရားမတည်နိုင်၊ စေတီပုထိုးမတည်နိုင် ကြပေ။ ငွေကြေးမတတ်နိုင်ပါက ဘုရားဒါယကာ၊ ဒါယိကာမများ မဖြစ်နိုင်ပေ။ သို့သော်လည်း သဲပုံစေတီကို စနစ်တကျတည်ထားကိုးကွယ်နိုင် ပါက ဘုရားဒါယကာ၊ ဒါယိကာမများ မည်သူမဆိုဖြစ် နိုင်ပေသည်။ ယနေ့ခေတ်တွင် သဲပုံစေတီပွဲကျင်းပ သည့်ဓလေ့တဖြည်းဖြည်းမှေးမှိန်သွားသည်။ တပေါင်း လပြည့်နေ့တွင် ဘုရားပွဲတော်များကျင်းပသည့် ဓလေ့ခေတ်စားလာခဲ့ပြီး ထိုသို့ ဘုရားပွဲတော်ကျင်းပ ခြင်းကိုပင်"တပေါင်းလပွဲတော်"ဟု ခေါ်ကြသည်။

> ❖ **တပေါင်းလသို့ ရောက်သောအခါ မြစ်များ၊ ချောင်းများ၌ ရေခန်းကာ သဲခုံ၊ သောင်ခုံဖြူဖြူဖွေးဖွေးကလေးများ ပေါ်ထွန်းလာလေ့ရှိသည်။ ထိုရာသီသည် လယ်ယာထွက်သီးနှံများကို ရောင်းချချိန်ဖြစ်သဖြင့် တောင်သူဦးကြီးတို့ ငွေစရှင်သည့်ရာသီဖြစ်သည်။ လယ်ယာလုပ်ငန်းများပြီးစီး၍ လုပ်ငန်းခွင်မှ အနားယူချိန်လည်းဖြစ်သည်။ ထိုသို့ အကြောင်းညီညွတ်သောအချိန်ဖြစ်၍ မြန်မာဘုရင်များသည် ထိုလတွင် သဲပုံစေတီပွဲကို ရာသီပွဲအဖြစ် သတ်မှတ်၍ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာများထိ ခြိမ့်ခြိမ့်သဲဆင်နွဲကျင်းပကြသည်။** ❖

သာသနာတော်၌ထူးခြားသောမှတ်တိုင်ကြီး

တပေါင်းလသည် ရာသီဥတုသာယာသည်နှင့် အမျှ သာသနာရေးတွင်လည်း မှတ်တမ်းတင် သင့်သောဖြစ်ရပ်ကြီးများပေါ်ထွန်းခဲ့သည်။ ဗုဒ္ဓ ဘုရားရှင်လက်ထက်တော်က ဘုရားရှင်သည် ရာဇဂြိဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး ကာ အင်္ဂတိုင်းနှင့် မဂဓတိုင်းမှ ဒါယကာ၊ ဒါယိကာမ များအား တရားရေအေးတိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ခမည်းတော်သုဒ္ဓါဒနမင်းကြီး ကြားသိသောအခါ သားတော်ဘုရားကို ဖူးတွေ့ချင် နေသည်။ ထို့ကြောင့် အမတ်တစ်ယောက်ကို ဗုဒ္ဓထံစေလွှတ်ရာ အမတ်သည် ဗုဒ္ဓထံရောက်သော အခါ တရားတော်ကိုနာရ၍ ရဟန်းပြုသွားသည်။ မင်းကြီးလည်း နောက်ထပ်အမတ်တို့ကိုစေလွှတ်၍ ပင့်ခိုင်းသော်လည်း အမတ်များအားလုံးသည် ရဟန်းပြု၍ နေကြပြန်သည်။ ၁၀ ကြိမ်မြောက်တွင်မူ ဗုဒ္ဓဘုရားရှင်နှင့် ဖွားဖက်တော်ဖြစ်သော ကာဠဒါယီ အမတ်ကိုစေလွှတ်သည်။ အမတ်သည်လည်း ရှေးက အမတ်များနည်းတူ ရဟန်းပြုပြန်သည်။ သို့ရာတွင် ခရီးလမ်းပန်းသာယာသော တပေါင်းလအချိန်သို့ ရောက်သောအခါတွင်ကား တပေါင်းလ၏ သာယာ လှပပုံကို ဂါထာပေါင်း ၆၄ ပုဒ်ဖြင့် ဖွဲ့သီကာ ကပိလဝတ်ပြည်သို့ ကြွချီရန် ဘုရားရှင်အား လျှောက်ထားတောင်းပန်သည်။ ဗုဒ္ဓဘုရားရှင် လည်းလက်ခံကာ တပေါင်းလပြည့်နေ့၌ ကပိလဝတ် ပြည်သို့ ကြွတော်မူခဲ့သည်။ ထို့ကြောင့် တပေါင်းလ ပြည့်နေ့သည် ဘုရားရှင်ပြည်တော်ဝင်ရန် စတင် ကြွလှမ်းသောနေ့ဖြစ်သည်။

တပေါင်းပွဲတော်

တပေါင်းလဆန်းရောက်ပြီဆိုသည်နှင့် ရွာတိုင်း၊ မြို့တိုင်းတွင် ဘုရားပွဲတော်အတွက် ကြိုတင်ပြင်ဆင် ကြစမြဲဖြစ်သည်။ ကလေးများက ကျောင်းပိတ်ရက် တွင် ဘုရားပွဲတော်နွဲ့ပျော်ရန်ဖြစ်ပြီး လူကြီးများ အနေဖြင့် ဘုရားပွဲတွင် အလှူဒါနပြုလုပ်ရန်နှင့် တစ်နှစ်တာကာလပတ်လုံးသုံးစွဲရန်အတွက် ပစ္စည်း ပစ္စယများဝယ်ယူကြသည်။ တောင်သူဦးကြီးတို့ ငွေရွှင်သည့်ကာလဖြစ်၍ အညာဒေသများတွင် တစ်နှစ်ပတ်လုံးအသုံးပြုရန်ပစ္စည်းများကို ဝယ်ယူ လေ့ရှိသည်။ ဘုရားပွဲကျင်းပရာ မြို့ရွာများသို့ ကျေးဇူးရှင်များအဖြစ် တင်စားဂုဏ်ပြုသောအားဖြင့် မတ် ၂ ရက်ကို "တောင်သူလယ်သမားနေ့" အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံကို ရွှေရည်စိမ် လွတ်လပ်ရေးသာပေးခဲ့သည့်အတွက် စစ်မှန်သော လွတ်လပ်ရေးကိုရယူနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ်၊ မတ် ၂၇ ရက်တွင် ဖက်ဆစ်တို့ကို တွန်းလှန် တိုက်ထုတ်ခဲ့သည့်နေ့ကို "တော်လှန်ရေးနေ့" အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ ထို့နောက် ၁၉၇၅ ခုနှစ်မှစ၍ တော်လှန်ရေးနေ့ကို "တပ်မတော်နေ့"အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထို့ကြောင့် လတပေါင်းသည် မြန်မာလူမျိုးတို့ အတွက် အရေးကြီးသည့်နေ့ထူးနေ့မြတ်များစွာ ပါသည့်လတစ်လဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ "တပေါင်းသာခေါင် လများနောင်"ဟု ဆိုထားသည့် အတိုင်း သာယာကြည်နူးဖွယ်ကောင်းလှသော လတပေါင်းတွင် နိုင်ငံတစ်ဝန်းစေတီပုထိုးများ၏ ဗုဒ္ဓပူဇနီယပွဲတော်များကို ကျင်းပကြသည်မှာ တပေါင်းလ၏ထူးခြားချက်ပင်ဖြစ်သည်။ သဘာဝ အလှတင်သာမက ဘာသာရေးအလှ၊ လူမှုရေး အလှဘက်တွင်လည်း တပေါင်းလသည် သာယာမှု အပေါင်းတို့နှင့်ပြည့်စုံသော လဖြစ်သည်။

တပေါင်းလရာသီ၏ အလှသရုပ်ကို အင်းဝခေတ် ရဟန်းစာဆိုကျော် ရှင်ဥတ္တမကျော်၏ တောလား တွင် "လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက် ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"ဟု ချီးမွမ်းဖွဲ့ဆိုထားသည်။ ကုန်းဘောင်ခေတ်ပြဇာတ် ဆရာကြီးဦးကြင်ဥကလည်း "ရှစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ ပတ်လည်၊ သဇင်ကြွင်းယယ်နှင့် အင်ကြင်းသန္ဓာ ညွှန့်ငယ်တို့ ဖူးကွန့်ကိုက်စည်၊ ဘမရာ ရွှေပိတုန်း ငယ်တို့ ချွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ၊ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ ဥာဏ်မခိုင် စျာန်ယိုင်လျှောရတယ်၊ ရာသီတွင်စာညီ ပြောပေပ၊ ကျော၍သာမြဲ"ဟုလည်း ဖွဲ့ဆိုထားသေးသည်။

အချုပ်အားဖြင့် နွေဦးအစတပေါင်းလသည် ရွက်ဟောင်းညှာကြွေပြီး ရွက်သစ်ဝေချိန်ကာလ ဖြစ်သဖြင့် ကျေးငှက်သာရကာတို့ကလည်း တောမြိုင်တစ်ကြောတွင် ပျော်ရွှင်မြှူးထူးကာ နွေရိပ်ကို ခိုလှုံကြသည်။ ထိုသို့ ထူးကဲသာယာသည့် တပေါင်းလတွင် ယမ်းခိုးယမ်းငွေ့များကြား သွေးသစ်လောင်းခဲ့သည့် မြန်မာ့အတိတ်ကာလ သမိုင်းကြောင်း၌ ဖက်ဆစ်တို့ကို အမိမြေမှ တွန်းလှန်ပြီး မြန်မာ့သတ္တိ၊ မြန်မာ့သွေးကို ပြသနိုင်ခဲ့ ကြောင်း ဤလတပေါင်းက ပြန်ပြောင်းသတိပေးနေ သလို ခံစားရပါသည်။ မည်သို့ဆိုစေ တပေါင်းလ ရာသီသည် မြန်မာတို့၏ နွေဦးရာသီဖြစ်သည်။ နွေဦး ဆိုသည်မှာ အသစ်အသစ်သော သဘောတရားများ ဖြစ်ပေါ်မည်ကို သိကြရမည်သာဖြစ်သည်။ သို့ပါ၍ တပေါင်းလသည် ပင်မြင့်ထက်ရှိရော်ရွက်ဝါများ လေအဝှေ့တွင် ကြွေလွင့်ရခြင်းကို သတိသံဝေဂယူ၍ အားမာန်သစ်စေသောလဖြစ်သကဲ့သို့ ဘုရားပွဲများ ကျင်းပကာ ကုသိုလ်ကောင်းမှုများ ပွားများ ရသောလဖြစ်သဖြင့် ထူးမြတ်သော လတပေါင်းဟု တင်စားချင်ပါတော့သည်။

ကိုးကား

– နေ့စဉ်ထုတ်သတင်းစာများ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဇကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ချောင်းဦး ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ဇကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၇ ဇကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဇကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဇက လျှင် ၁၈ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၂၃၇ ဇကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဇကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူးဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

နမ့်စန်မြို့နယ် ဆမ်ခါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နမ့်စန် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ဆမ်ခါကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆမ်ခါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ပခန်းစပါး တင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်း ပခန်းစပါး တင်းရေ ၆၆၀၀၀ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေးတော်တော်ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါး အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါး အမျိုးအစား ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်

ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်'' ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့် အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အင့်ားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

မိုင်းတုံမြို့နယ် နမ့်ဟူးခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့်တာဝန်ရှိသူများက နမ့်ဟူးခွန်ကျေးရွာတွင်မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသူ၊ အသင်းသားများမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နမ့်ဟူးခွန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသူ၊ အသင်းသား ၂၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၂၇ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ပြောပြ၍ သိရသည်။

ချိုသန်းညွန့်

ကံမမြို့နယ် ရေလယ်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကံမ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နံကပ်ကျေးရွာအုပ်စု ရေလယ်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်နှင့် ဝန်ထမ်းများက ရေလယ်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စီမံကိန်းဆိုင်ရာ ငွေစာရင်း ဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ရေလယ်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄၀ ဒသမ ၀၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၅ ဒသမ ၂၇ သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ၆၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို လည်ပတ်ရန်ပုံငွေကျပ် သန်း ၅၀ ထုတ်ချေးထားကြောင်း သိရသည်။

နော်လူး

ကိုဝစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်း မွန်စေသည်။

မြန်မာ့ရက်ကန်းလက်မှုပညာ

ကိုကျော်စွာ(ကျိုက်ပိ)

မြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ရိုးရာများ၊ စာပေယဉ်ကျေးမှု၊ ဂီတအနုပညာများဖြင့် ရှေးယခင်ကတည်းက ယနေ့ထိရပ်တည်လာခဲ့သည်။ မြန်မာတို့၏ရိုးရာယဉ်ကျေးမှုများတွင် ရက်ကန်းလက်မှုပညာရပ်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာ့ရက်ကန်းပညာအစ

မြန်မာနိုင်ငံ၌ ရှေးဦးနေထိုင်ကြသောလူမျိုးများသည် မွန်ဂိုလွိုက်လူမျိုးနွယ်များမှ ပေါက်ဖွားလာသည့် မွန်ဂိုမျိုးနွယ်မှ ဆင်းသက်လာသည်။ အာရှအလယ်ပိုင်းကုန်းပြင်မြင့်မှ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ဝင်ရောက်လာခြင်းဖြစ်သည်။ မွန်ဂိုမျိုးနွယ်များ မြန်မာနိုင်ငံသို့ဝင်ရောက်လာစဉ်က တိရစ္ဆာန်သားရေများကို ဝတ်ဆင်ခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံ၏ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်အနေအထားအရ သစ်ခေါက်များကိုခွာယူ၍ ပြောင်းလဲဝတ်ဆင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် သစ်ခေါက်များကို ထုချေပြုပြင်၍အမျှင်များထုတ်ယူကာ ရက်ခတ်ဝတ်ဆင်ခဲ့ကြသည်။ ထိုကဲ့သို့ အမျှင်များကို တီထွင်ဆန်းသစ်ရက်ခတ်မှုအတတ်သည် တိုင်းရင်းသားလူမျိုးများထံ ပျံ့နှံ့ရောက်ရှိပြီး ရက်ခတ်ဝတ်ဆင်လာခဲ့ကြရာမှ မြန်မာနိုင်ငံတွင် ရက်ကန်းပညာစတင်ပေါ်ပေါက်လာခဲ့သည်။ ၎င်းကို မြန်မာနိုင်ငံ၏ ရက်ကန်းပညာအစပင်ဖြစ်သည်ဟု ဆိုနိုင်သည်။

ခေတ်အဆက်ဆက်က မြန်မာ့ရက်ကန်း

ရက်ကန်းလက်မှုပညာကို တကောင်းခေတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ် စသည်ဖြင့် ခေတ်အလိုက်ပိုင်းခြားထားသည်။ ထိုခေတ်အဆက်ဆက်တွင် လည်း မြန်မာ့ရိုးရာရက်ကန်းပညာကို လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည်။ တကောင်းခေတ်ကို ပထမတကောင်းခေတ်နှင့် ဒုတိယတကောင်းခေတ်ဟူ၍ နှစ်ပိုင်းပိုင်းထားသည်။ မြတ်စွာဘုရားမပွင့်မီ ပဝေသဏီကာလကို ပထမတကောင်းခေတ်ဟု သတ်မှတ်ပြီး မြတ်စွာဘုရားပွင့်တော်မူစဉ်ကာလကို ဒုတိယတကောင်းခေတ်ဟုသတ်မှတ်သည်။ ဒုတိယတကောင်းခေတ်၌ သကျသာကီဝင်များ မြန်မာနိုင်ငံသို့ဝင်ရောက်လာပြီး တကောင်းအရပ်၌ မြို့ပြထူထောင်ကာ မြန်မာတို့နှင့်အတူပေါင်းစည်းနေခဲ့ကြသည်။ မြန်မာလူမျိုးတို့က သကျသာကီဝင်တို့ထံမှ "ချည်ငင်ဝါဖတ်ရက်ကန်းအတတ်"ကို တတ်မြောက်ခဲ့ကြသည်။

ပျူခေတ်တွင်လည်း ရက်ကန်းပညာထွန်းကားခဲ့ကြောင်းကို ပျူနိုင်ငံမှ တရုတ်နိုင်ငံသို့စေလွှတ်သော သံအဖွဲ့၊ ကချေသည်အဖွဲ့တို့၏ ဝတ်စားဆင်ယင်မှုကို မှတ်တမ်းတင်ထားသည့် တရုတ်သမိုင်းအထောက်အထားအရ သိနိုင်သည်။ ပျူခေတ်တွင် ချည်ထည်များကိုသာ ဝတ်ဆင်သည်ဟုဖော်ပြထားကြောင်း သိရသည်။ ထို့ပြင် ပျူမြို့ဟောင်းမဟူးဖော်ရရှိသော အမျိုးသမီးရုပ်တုများ၌ ပါးလွှာသောအင်္ကျီ၊ ထဘီများဝတ်ဆင်ထားသည်ကို ကြည့်ခြင်းအားဖြင့် ပျူခေတ်ရက်ကန်းပညာ အဆင့်မြင့်မားကြောင်း သိနိုင်သည်။

ပုဂံခေတ်တွင်လည်း ရက်ကန်းပညာ အဆင့်ပို၍ မြင့်မားလာကြောင်းကို ကျောက်စာများအရ သိနိုင်သည်။ ပုဂံခေတ်တွင် မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီသော အဝတ်အထည်များကို တီထွင်ကြံဆပြီး ရက်လုပ်ဝတ်ဆင်လာခဲ့ကြသည်။ အင်္ကျီအဖြစ် ဖျင်၊ ပုဆိုး၊ ထဘီများကို တီထွင်ကြံဆရက်လုပ်ဝတ်ဆင်လာကြသည်။ ယခုခေတ်တွင်မူ ဝါချည်ကို ရောင်စုံဆိုး၍ အင်္ကျီ၊ လုံချည်များ ရက်လုပ်ဝတ်ဆင်ခဲ့ကြသည်။

သက္ကရာဇ်၆၇၄ ခုနှစ်တွင် ပင်းယ၌နန်းတက်သော သီဟသူမင်းလက်ထက်က ရေးသားစပ်ဆိုခဲ့သော "ခါးဝတ်တော်မှာ ရွှေခြည်စုံ၊ မှိုင်းလုံးရွှေဝတ်လုံ၊ မလုံသာချမ်းမြေအေး၊ မိုးသောက်ထ ရောင်ဖြူလာငယ်" ဟူသောအဖွဲ့အရ ပင်းယခေတ်တွင်လည်း ရက်ကန်းပညာထွန်းကားခဲ့ကြောင်း သိနိုင်သည်။ အင်းဝခေတ်တွင်လည်း ရက်ကန်းပညာထွန်းကားခဲ့ပုံကို ပုဂံရှိစူဌာမဏိဘုရား နံရံဆေးရေးပန်းချီများမှ အဝတ်အစားများအရ သိနိုင်သည်။ ထိုပန်းချီကားသည် အင်းဝခေတ်လက်ရာဖြစ်သည်။ ပန်းချီကားတွင် အင်းဝသူလှပျိုဖြူများ ရက်ကန်းရက်လုပ်နေပုံဖြစ်သည်။

ထို့ပြင် အင်းဝခေတ်က ရခိုင်ပြည်တွင်လည်း ရက်ကန်းအတတ်ပညာထွန်းကားခဲ့ပုံကို အင်းဝစာဆိုရှင်တေဇောသာရက ကဗျာဖွဲ့မှတ်တမ်းတင်ခဲ့သည်ဟု သိရသည်။ ထို့နောက် တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်မှ ယနေ့ခေတ်ထိ ရက်ကန်းပညာထွန်းကားလျက်ရှိနေသည်။ ယခုခေတ်တွင်လည်း နိုင်ငံတော်အနေဖြင့် ရက်ကန်းလက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ မြန်မာ့ရိုးရာရက်ကန်းပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် ရက်ကန်းပညာ မတိမ်ကောမပျောက်အောင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာရက်ကန်းစင်

မြန်မာ့ရိုးရာရက်ကန်းစင်အပြင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း၊ ရခိုင်၊ မွန် စသည့်တိုင်းရင်းသားတို့၏ ရိုးရာဂျပ်ခုတ်ရက်ကန်းများလည်းရှိသည်။ မြန်မာ့ရက်ကန်းစင်တစ်ခုတွင် ရစ်လုံး၊ ခြေနင်း၊ လိပ်တုံး၊ ယဉ်သွား၊ နှတ်၊ လက်ခတ်တို့ ပါဝင်သည်။ ရှေးယခင်က ရက်ကန်းစင်ကို အရပ်ဒေသအလိုက် အမည်အမျိုးမျိုးခေါ်ကြသည်။ အချို့ဒေသက "လေးတိုင်စင်"ဟုလည်းကောင်း၊ "သျှောင်ကိုင်"ဟုလည်းကောင်းခေါ်ကြသည်။ လေးတိုင်စင်ဟုခေါ်ခြင်းမှာ မြေပြင်၌ တိုင်လေးတိုင်စိုက်ပြီး ရက်ကန်းရက်လုပ်သောကြောင့်ဖြစ်သည်။ သျှောင်ကိုင်ဆိုသည်မှာ ရှေးမြန်မာအမျိုးသားများသည် ဆံပင်ကို အရှည်ထားကြသည်။ သျှောင်ဟုခေါ်ကြသည်။ ထိုသျှောင်ကို စုကိုင်၍ ထုံးထားလေ့ရှိကြသည်။ ထို့နည်းအတူ သျှောင်ထုံးထုံးရန် ဆံပင်ကို စုစည်းကိုင်ယူသကဲ့သို့ ရက်လုပ်မည့်ချည်များကို စုစည်းကိုင်ယူလျက် ရက်လုပ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ရှေးရက်ကန်းစင်များတွင် မြန်မာ့ရိုးရာလက်မှုပညာဖြစ်သော ပန်းပုလက်ရာများဖြင့် ထွင်းထုတန်ဆာဆင်ထားကြသည်။ မြန်မာ့ရက်ကန်းစင်ကို မြန်မာမှုပန်းပုအနုလက်ရာနှင့် တန်ဆာဆင်လိုက်သောအခါ ရှုချင်စဖွယ်ပိုမိုလှပသည်။ ထို့ပြင် ရက်ကန်းစင်၌ နှတ်ကြိုးအတက်၊ အဆင်းပြုလုပ်ပေးရသည့် ကျွမ်းသီး ခေါ်စက်သီးကို သစ်သားအပြင် ကြေး၊ သံ စသည်တို့ဖြင့် အမျိုးမျိုးပြုလုပ်ကြသည်။ ရက်ကန်းစင်ကို လွန်းပြန်ရက်ကန်းစင်နှင့် ဝါဒရက်ကန်းစင်ဟူ၍လည်းရှိသည်။ လွန်းပြန်ရက်ကန်းစင်သည် ရှေးမြန်မာတို့သည် စစ်ကြိုခေတ်က စတင်အသုံးပြုခဲ့သည့် ခေတ်မီ ရက်ကန်းစင်တစ်မျိုးဖြစ်သည်။ လွန်းပြန်ရက်ကန်းစင်ကို မြန်မာနိုင်ငံသို့ အင်္ဂလန်နိုင်ငံမှ ၁၉၁၄ ခုနှစ်က အထက်မြန်မာပြည်တရားဌာန မင်းကြီးမစ္စတာ ဆောင်းဒါးက ယူဆောင်ခဲ့ခြင်းဖြစ်သည်။ လွန်းပြန်ရက်ကန်းကို ခူတို၊ ခူရှည်ဟု နှစ်မျိုးခွဲထားရာ ခူတိုမှာ အလျား ခုနစ်ပေ၊ အနံ လေးပေ၊ အမြင့် ငါးပေခွဲရှိပြီး ခူရှည်မှာ အလျားခြောက်ပေ နှစ်လက်မ၊ အနံ လေးပေရှိသည်။

ဝါဒရက်ကန်းစင်မှာ မြန်မာနိုင်ငံအလယ်ပိုင်းမြေလတ်ဒေသဖြစ်သော ပခုက္ကူမြို့၏ နာမည်ရ ဝါစောင်ပြုလုပ်သော ရက်ကန်းစင်ဖြစ်သည်။ ထို့ကြောင့် ဝါဒရက်ကန်းစင်ဟု ခေါ်ခြင်းဖြစ်သည်။ အထက်ဖော်ပြပါရက်ကန်းစင်များတွင် ကိရိယာအမျိုး ၃၀ ခန့်ပါရှိသည်။ လက်ရက်ကန်းစင်တွင် ပါဝင်သောကိရိယာအစိတ်အပိုင်းမှာ ၂၄ မျိုးသာပါရှိသည်။ ထို့ပြင် အဆိုပါရက်ကန်းစင်တွင်ပါဝင်သော အစိတ်အပိုင်းကိရိယာတစ်ခုမှာပင် ပါဝင်ဖွဲ့စည်းထားသောအစိတ်အပိုင်းများစွာရှိသည်။

မြန်မာ့ရက်ကန်းထွက်အထည်များ

သက္ကရာဇ် ၁၁၈၁ ခုနှစ်မှ သက္ကရာဇ် ၁၁၉၉ ခုနှစ်အတွင်း ဘကြီးတော်မှန်နန်းရှင်သည် မဏိပူရနှင့် အာသံပြည်တို့မှ စစ်ရှုံးကသည်းသုံ့ပန်းများကို နေပြည်တော်သို့ခေါ်ဆောင်လာရာ မဏိပူရကသည်းတို့တွင် ကျွမ်းကျင်သောရက်ကန်းပညာရှင်များ ပါလာရာ ၎င်းတို့ကို အမရပူရမြို့၊ စစ်ကိုင်းမြို့တို့တွင် မြန်မာ့ရက်ကန်းသည်တို့ကို အထည်လိပ်များရက်လုပ်နည်းကို သင်ကြားပြသစေခဲ့သည်။ လင်းဇင်းအက္ကဘတ်ဆိုသူ ရက်ကန်းဆရာကြီးမှာ ပိုးထည်ရက်လုပ်ခြင်း၊ အချိတ်ထည်ရက်လုပ်ခြင်းတို့၌ တစ်ဖက်ကမ်းခပ် တတ်မြောက်သူဖြစ်သည်။ ဘုရင်ကိုယ်တိုင်ကပင် ချိတ်ရက်ဖခင်ကြီးအနေဖြင့် အရေးပေးခဲ့သည်ဟုသိရသည်။ မြန်မာ့ရက်ကန်းရက်လုပ်ရာတွင် ထင်ရှားသောအထည်များရှိခဲ့ပြီး အရောင်အသွေးလည်းစုံလှသည်။

ထိုသို့အရောင်သွေးစုံသဖြင့်လည်း လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော် မြန်မာဘုရင်များလက်ထက်က မြန်မာ့ရက်ကန်းမှထွက်သောအဝတ်အထည်များ အကြောင်းကို ဂျီအီးဟာဗေး၏ မြန်မာနိုင်ငံသမိုင်းစာအုပ်တွင် "မြန်မာဘုရင်တိုင်းပြည်တွင် တွေ့ခဲ့ရသောအဝတ်အထည်မျိုးကို အခြားအရပ်ဒေသများတွင် မတွေ့ရချေ"ဟု ဖော်ပြထားကြောင်း သိရသည်။

မြန်မာ့ရက်ကန်းနှင့် ဝံသာနုစိတ်ဓာတ်

မြန်မာ့ရက်ကန်းရက်လုပ်ရာတွင် ဝါဂွမ်းကိုအသုံးပြုရသည်။ ကျေးလက်နေမိန်းမယျိုတို့သည် လသာသောညအခါတွင် ချည်ငင်ခြင်းကိုပြုလုပ်ကြရသည်။ ချည်ငင်ပြီးနောက် ရက်ကန်းတွင် ရက်ချည်များကို ဆင်၍ လွန်းပြန်တွင် ဖောက်ချည်များကို ထည့်ရသည်။ လွန်းကို လက်တစ်ဖက်မှကိုင်၍ ချည်မျှင်များ ကြားထိုးသွင်းသောအခါ ကျန်သောလက်တစ်ဖက်မှ လွန်းကို ဖမ်းရသည်။

ရက်ကန်းပညာသည် စိတ်ရှည်ရှည်နှင့်စေတနာထားလုပ်ရသောအလုပ်ဖြစ်သည်။ ရက်ကန်းလက်မှုပညာသည် မြန်မာလူမျိုးတို့၏ စိတ်ရှည်သည်းခံတတ်မှု နူးညံ့သိမ်မွေ့သောစိတ်သဘောထားများကို တွေ့မြင်နိုင်သော လက်မှုပညာရပ်တစ်ခုဖြစ်သည်။ မြန်မာ့ရက်ကန်းလက်မှုပညာနှင့် မြန်မာ့ဝံသာနုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များနှင့် ဆက်စပ်လျက်ရှိသည်။ မြန်မာ့ရက်ကန်းမှထွက်သော အဝတ်အထည်များသည် ကမ္ဘာကျော်ထင်ရှားခဲ့သည်။ မြန်မာတို့ အင်္ဂလိပ်နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့စဉ်က ပြည်တွင်းဖြစ် ပင်နီအက္ကျီနှင့်ယောထဘီကိုသာ ဝတ်ဆင်ခဲ့ကြသည်။ မြန်မာ့ဝတ်စားဆင်ယင်မှုဖြင့် "ဝံသာနုအထည်"ကို ဝတ်ဆင်လျက် အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားစေခဲ့သည်။ အဆိုပါအမျိုးသားရေးစိတ်ဓာတ်များသည် မြန်မာ့ရက်ကန်းလက်မှုပညာ၊ ရက်ကန်းသမလေးများ၏ လက်ခတ်သံနှင့်အတူ ကမ္ဘာကို လွှမ်းမိုးနိုင်ခဲ့ပြီး ရက်ကန်းလက်မှုပညာသည် မြန်မာ့လက်မှုပညာတစ်ရပ်အဖြစ် ထင်ရှားခဲ့သည်။

မြန်မာ့ရက်ကန်းပညာကို ထိန်းသိမ်းကြစေလို

မြန်မာ့ရက်ကန်းလက်မှုပညာသည် တိမ်မြုပ်လုနီးနီးမှ နိုင်ငံတော်၏ကျေးဇူးကြောင့် ပြန်လည်ထင်ရှားလာသည်။ ရက်ကန်းပညာကျောင်းများ တည်ထောင်ပေးခြင်း၊ ရက်ကန်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကြောင့် မြန်မာ့ရက်ကန်းပညာသည် ပြန်လည်အသက်ဝင်ထင်ရှားလာခြင်းဖြစ်သည်။ ထို့ပြင် ရက်ကန်းတစ်ခေတ်ဆန်းသစ်ရမည်ဟူသောရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရက ရန်ကုန်မြို့အနီး၌ ဆောက်လုပ်ထားသော ချည်မျှင်နှင့်အထည်စက်ရုံကြီး၌ ရက်ကန်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့်အပြင် သင်တန်းပြီးမြောက်ပါက လုပ်ငန်းထူထောင်လိုသူများကို ကူညီဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်လိုသူများကိုလည်း လုပ်ငန်းခွင်အရောက်အပ်နှံပေးခြင်းများ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရက်ကန်းပညာဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးပြုလုပ်ပြီး မိသားစုအသုံးအဆောင်များအပြင် အပိုအလျှံများထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေတိုးပွားလာမည်ဖြစ်သည်။

မြန်မာ့ရက်ကန်းလက်မှုပညာသည် ခေတ်အဆက်ဆက်က ယနေ့ထိလက်ဆင့်ကမ်းထိန်းသိမ်းခဲ့သောပညာရပ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ဝတ်စားဆင်ယင်မှုဆိုင်ရာယဉ်ကျေးမှု၏ ပြယုဂ်တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့၏ မြတ်နိုးဖွယ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သော မြန်မာ့ရက်ကန်းလက်မှုပညာကို အစဉ်ထိန်းသိမ်းသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- ရက်ကန်းဟုခေါ်သော လက်မှုပညာ ဇော်မျိုး(နေပြည်တော်)
- မြန်မာ့ရိုးရာ ရက်ကန်းပညာ စိန်ဝင်း(ရေနံ့သာ)
- မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု စောမုံညင်း

❖ ရက်ကန်းပညာသည် စိတ်ရှည်ရှည်နှင့် စေတနာထားလုပ်ရသောအလုပ်ဖြစ်သည်။ ရက်ကန်းလက်မှုပညာသည် မြန်မာလူမျိုးတို့၏ စိတ်ရှည်သည်းခံတတ်မှု၊ နူးညံ့သိမ်မွေ့သောစိတ်သဘောထားများကိုတွေ့မြင်နိုင်သော လက်မှုပညာရပ်တစ်ခုဖြစ်သည်။ မြန်မာ့ရက်ကန်းလက်မှုပညာနှင့် မြန်မာ့ဝံသာနုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များနှင့်ဆက်စပ်လျက်ရှိသည်။ မြန်မာ့ရက်ကန်းလက်မှုပညာသည် မြန်မာ့ဝတ်အထည်များ ကမ္ဘာကျော်ထင်ရှားခဲ့သည်။ ❖

အမေရိကန်ရေပိုင်နက်ကို ခြိမ်းခြောက်နိုင်မည့် တရုတ်ရေအောက်မောင်းသူမဲ့ရေယာဉ်

တရုတ်နိုင်ငံအနေဖြင့် အကြီးစားရေအောက်မောင်းသူမဲ့ရေယာဉ်ကို စမ်းသပ်မောင်းနှင်ပြသလိုက်ခြင်းသည် ပင်လယ်ရေကြောင်းစစ်ဆင်ရေးတွင် ကြီးမားသော အပြောင်းအလဲတစ်ရပ်ဖြစ်လာတော့မည်ဖြစ်သည်။ ၎င်းယာဉ်သည် ရေအောက်ကေဘယ်ကြိုးများ၊ အာရုံခံကွန်ရက်များအပြင် ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတစ်ဝန်း၌ မဟာဗျူဟာမြောက်ဟန်ချက်တို့ကို ခြိမ်းခြောက်မှုဖြစ်လာစေတော့မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ တောင်တရုတ်ပင်လယ်ပြင်တွင် အကြီးစားရေအောက်မောင်းသူမဲ့ရေယာဉ် (XXLUUVs) နှစ်စီးကို စမ်းသပ်မောင်းနှင်ခဲ့ကြောင်း ရေတပ်သတင်းများ၌ဖော်ပြထားသည်။ ၎င်းမောင်းသူမဲ့ရေယာဉ်များသည် ပဋ္ဌိပက္ခဖြစ်ပွားလာချိန်၌ အမေရိကန် အနောက်ဘက်ကမ်းခြေရှိ ဆိပ်ကမ်းများကိုပင်လျှင် ခြိမ်းခြောက်နိုင်စွမ်းရှိကြောင်း လေ့လာသုံးသပ်သူများက ဆိုသည်။ အဆိုပါရေအောက်မောင်းသူမဲ့ရေယာဉ်များသည် သမားရိုးကျရေငုပ်သင်္ဘောများနှင့်အရွယ်အစားနှိုင်းယှဉ်နိုင်ပြီး ဒီဇယ်-အီလက်ထရစ် အသုံးပြုကာ တော်ပီတိုများ၊ ပင်လယ်ကြမ်းပြင်ခင်း မိုင်းများ၊ အသေးစားရေအောက်မောင်းသူမဲ့ရေယာဉ်များကို သယ်ဆောင်နိုင်စွမ်းရှိသည်။

၎င်းရေယာဉ်များသည် အကြမ်းဖျင်းအားဖြင့် အကွာအဝေး ကီလိုမီတာ ၁၈၅၂၀ ထိ သွားလာနိုင်ပြီး တရုတ်ရေတပ် အခြေခံအဆောက်အအုံများ၌ လျှို့ဝှက်စွာ သုတေသနပြုတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်သူများကကောက်ချက်ချထားသည်။ အဆိုပါရေယာဉ်များ၏ ဒီဇိုင်းသည် အကြီးစားဘက်ထရီအိုးများနှင့် ဒီဇယ်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်များ ပါရှိသောကြောင့် ရေအောက်၌ ဝေးကွာသောနေရာများထိ သွားလာနိုင်ပြီး ပစိဖိတ်သမုဒ္ဒရာတစ်ဝန်း၌ ရေငုပ်သင်္ဘော ကာကွယ်ရေးခံတပ်များကို ထိုးဖောက်သွားလာနိုင်စေမည်ဖြစ်သည်။

အမှန်တော့ တရုတ်သင်္ဘောကျင်းများသည် ယခင်ကလည်း စမ်းသပ်မောင်းနှင်မှုပြုလုပ်သည့် ရေယာဉ်များကိုပြသခဲ့ဖူးပြီးဖြစ်သည်။ ထို့ပြင်ထုတ်လုပ်မှုပမာဏ၊ လျှို့ဝှက်စွာစမ်းသပ်ခြင်းတို့အပြင် ရေအောက်မောင်းသူမဲ့ရေယာဉ် ဒီဇိုင်းပုံစံရေယာဉ်နှစ်စီးကို အပြိုင်အဆိုင်တည်ဆောက်ထားခြင်းသည် သုတေသနပြုလုပ်ခြင်းထက် အပြိုင်အဆိုင် ဝယ်ယူမှုအစီအစဉ်ကိုညွှန်ပြနေကြောင်း လေ့လာသုံးသပ်သူများက ဆိုသည်။

အဆိုပါ အကြီးစားရေအောက်မောင်းသူမဲ့ရေယာဉ်များကို တင်းကျပ်စွာသတ်မှတ်ထားသည့် ဇုန်များ၌ မိုင်းခင်းခြင်း သို့မဟုတ် ကန့်သတ်တားမြစ်မှု မစ်ရှင်များထမ်းဆောင်ရန်အတွက်အသုံးပြုသွားနိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ဝေးကွာစွာသွားလာနိုင်မှုသည် မဟာဗျူဟာမြောက်ရည်မှန်းချက်များကို ဖော်ပြလျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် အရှေ့အာရှကိုကျော်လွန်ပြီး ဖိအားပေးသွားနိုင်မည့်အပြင် အမေရိကန်အနောက်ဘက်ကမ်းခြေရှိ ဆိပ်ကမ်းများနှင့်ပနားမားတူမြောင်းတို့ကို ပိတ်ဆို့သွားနိုင်မည့် အလားအလာရှိနေသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့် ပစိဖိတ်ဒေသတွင် ခြေဆန့်နိုင်ရန်ကြိုးပမ်းလျက်ရှိသောကြောင့် ၎င်းမောင်းသူမဲ့စနစ်များသည် တရုတ်နိုင်ငံ၏ ရေငုပ်သင်္ဘောများကို အားဖြည့်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါမောင်းသူမဲ့ရေယာဉ်များသည် မိုင်းများ၊ တော်ပီတိုများနှင့် အသေးစားရေအောက်မောင်းသူမဲ့ရေယာဉ်များကိုသယ်ဆောင်နိုင်မည့်အပြင် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပိတ်ဆို့ရန်နှင့် အမေရိကန်စစ်ဘက်ကို အင်အားချည့်နဲ့အောင် လုပ်ဆောင်ရန် တစ်စိတ်တစ်ဒေသအနေဖြင့် အရေးပါသောရေအောက်ကေဘယ်ကြိုးများကို တိုက်ခိုက်ရန် ရေအောက်မောင်းသူမဲ့ရေယာဉ်များကို အသုံးပြုသွားမည်ဖြစ်သည်။

တရုတ်(တိုင်ပေ)သည် အင်တာနက်ချိတ်ဆက်မှုအတွက် ရေအောက်ကေဘယ်ကြိုးများကို အချိန်ပြည့်မှီခိုရလျက်ရှိသဖြင့် တိုက်ခိုက်ခံရနိုင်ခြေ



မြင့်တက်လျက်ရှိသည်။ အဆိုပါကေဘယ်ကြိုးများ ပြတ်တောက်ခြင်းသည် ဘဏ်လုပ်ငန်းမှသည် အရေးပေါ်ဝန်ဆောင်မှုလုပ်ငန်းများအားလုံး ရပ်ဆိုင်သွားနိုင်သည်။ တရုတ်(တိုင်ပေ)၏ ပင်လယ်ရေအောက်ကေဘယ်ကြိုးများဖြတ်တောက်ခြင်းသည် တရုတ်နိုင်ငံကပိတ်ဆို့သွားမည့် နယ်ပယ်အားလုံး၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အတွက် စွမ်းအင်၊ စားနပ်ရိက္ခာ၊ သတင်းအချက်အလက်နှင့် အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းများ ပြတ်တောက်သွားမည်ဖြစ်သောကြောင့် တရုတ်(တိုင်ပေ)အနေဖြင့် ကျည်တစ်တောင့်မျှ မပစ်ခတ်လိုက်ရဘဲ အရှုံးပေးသွားရဖွယ်ရှိနေသည်။

တရုတ်(တိုင်ပေ)အပြင် ပစိဖိတ်ဖြတ်ကျော်ကေဘယ်(TPC)သည်လည်း အားနည်းချက်များရှိနေသည်။ ပစိဖိတ်ဖြတ်ကျော်ကေဘယ်သည် ဂျပန်၊ ဂူအမ်နှင့်ဟာဝိုင်အီတို့ကို ချိတ်ဆက်ထားသော ရေအောက်ကေဘယ်ကွန်ရက်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာ၏ကျယ်ပြောမှုသည် အဖျက်အမှောင့်သမားများ ကျက်စားခိုအောင်းရာတွင် အသုံးတည့်လျက်ရှိသည်။ ပစိဖိတ်ဖြတ်ကျော်ကေဘယ်အပေါ် အဖျက်အမှောင့်သမားများ၏ တိုက်ခိုက်မှုသည် ဂျပန်၊ ဂူအမ်၊ ဟာဝိုင်အီကျွန်းတို့၏ စီးပွားရေးကို ထိခိုက်စေမည့်အပြင် ပစိဖိတ်ဒေသရှိ အမေရိကန်စစ်ဘက်ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုတို့ကိုလည်း ယိုယွင်းလာစေမည်ဖြစ်သည်။

ရေအောက်မောင်းသူမဲ့ရေယာဉ်၏ မော်ကျူလာပုံစံသည် ထူထဲသည့်ရေအောက်သံချပ်ကာကေဘယ်ကြိုးများကိုဖြတ်တောက်နိုင်စွမ်းရှိသည်။ တရုတ်နိုင်ငံသည် အဆိုပါကေဘယ်ကြိုးများကိုဖြတ်တောက်နိုင်သည့်ကိရိယာကို သုတေသနပြုတည်ဆောက်လျက်ရှိပြီး ရေအောက်မောင်းသူမဲ့ရေယာဉ်မှ တပ်ဖြန့်ချသည့်အချိန်တွင် ရေအောက်အနက် မီတာ ၄၀၀၀ ၌ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။

တရုတ်နိုင်ငံ၏ ရေအောက်မောင်းသူမဲ့ရေယာဉ်များသည် ရေအောက်ကေဘယ်ကြိုးများကို တိုက်ခိုက်နိုင်သည့်အပြင် ပထမကျွန်းတန်းကို ကျော်လွန်ကာ ရေတပ်ထိုးဖောက်သွားလာနိုင်ရေး အတွက်ကြိုတင်ပြင်ဆင်ရာတွင် အမေရိကန်၏ ပင်လယ်ရေအောက်အာရုံခံ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ရန်အတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ အမေရိကန်၊ ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်နှင့် ဂျာဗားပင်လယ်ထိ ချိတ်ဆက်ထားသည့် ရေအောက်အာရုံခံကွန်ရက်ဖြစ်သည့် Fish Hook ကို အသုံးပြုထားသည်။ ၎င်းကိရိယာသည် ပထမကျွန်းတန်းမှထွက်ခွာလာရန် ကြိုးပမ်းမည့် တရုတ်ရေငုပ်သင်္ဘောများကို ခြေရာခံနိုင်ရန် စီစဉ်ထားရှိသည်။

တရုတ်နိုင်ငံ၏ ရေအောက်မောင်းသူမဲ့ရေယာဉ်များသည် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စစ်ရေယာဉ်များမထွက်ခွာမီ အမေရိကန်၏ အဆိုပါအာရုံခံကိရိယာများကိုပေါက်ကွဲစေခြင်းအားဖြင့် သက်မဲ့ဖြစ်အောင်လုပ်ခြင်းနှင့် ကေဘယ်ကြိုးများဖြတ်တောက်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။ တရုတ်(တိုင်ပေ)ကို ပိတ်ဆို့ရန်၊ အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များကို ကန့်သတ်ပိတ်ဆို့ရန်အတွက် ရေပြင်သွားတပ်ဖွဲ့များနှင့်ရေငုပ်သင်္ဘောတပ်ဖွဲ့များ ထိုးဖောက်ထွက်ခွာနိုင်ရန်လိုအပ်သည်။ ထို့နောက် Type 094 အမျိုး အစား နျူကလီးယားပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘော(SSBNs)များနှင့် ပင်လယ်ပြင်ကင်းလှည့်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည့်အတွက် တောင်တရုတ်ပင်လယ်ပြင်ရှိကန့်သတ်ချက်ရှိနေသော နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်ကို လွတ်လပ်စွာဖြန့်ကြက်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် ရေအောက်မောင်းသူမဲ့ရေယာဉ်များသည် တရုတ်နိုင်ငံ၏ အင်အားဖြန့်ကြက်မှုကို ပစိဖိတ်သမုဒ္ဒရာကျော်လွန်ကာ အိန္ဒိယသမုဒ္ဒရာထိ ခြေဆန့်နိုင်စေမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာတွင် ရေအောက်မောင်းသူမဲ့ယာဉ် (UUVs)များတပ်ဖြန့်ချထားပြီး အထူးသဖြင့် Sea Wing ရေအောက်မောင်းသူမဲ့ရေယာဉ် ၁၂ စီးသည် ရေအောက်တိုင်းတာရေးမစ်ရှင်ကို ရက်ပေါင်း ၅၅၀ ကြာပြုလုပ်ခဲ့ရာ ကီလိုမီတာ ၁၂၀၀၀ ထိ ရောက်ရှိခဲ့သည်။

ထို့ကြောင့် ရေအောက်မောင်းသူမဲ့ရေယာဉ်သည် ပိုမိုဝေးကွာသည့်နေရာများထိ ကာလရှည်မစ်ရှင်များ ထမ်းဆောင်နိုင်မည်ဖြစ်သည့်အပြင် မစ်ရှင်မျိုးစုံကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အဆိုပါမစ်ရှင်များသည် အနာဂတ်တွင် ဒေသတွင်း၌ တရုတ်ရေငုပ်သင်္ဘောများ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန်အတွက် အရေးပါသောအချက်အလက်များကို စုဆောင်းသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ကုန်သွယ်မှု သုံးပုံနှစ်ပုံခန့်နှင့် ရေနံတင်သွင်းမှု ၃၈ ရာခိုင်နှုန်းခန့် လုပ်ဆောင်နေသော အဓိကပင်လယ်ရေကြောင်းဆက်သွယ်မှု (SLOCs)များဖြစ်သည့်မလက္ကာရေလက်ကြားသည် တရုတ်(တိုင်ပေ)နှင့် တောင်တရုတ်ပင်လယ်အရေးတို့တွင် ပိတ်ဆို့ခံရမည်ဆိုလျှင် တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာသို့ထွက်နိုင်မည့် အခြားလမ်းကြောင်းများ ရှာဖွေသွားရမည်ဖြစ်သည်။ အထူးသဖြင့် မလက္ကာရေလက်ကြားကိုရှောင်ကွင်းနိုင်ရန် တရုတ်ရန်ပုံငွေဖြင့်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံရှိ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို အသုံးပြုသွားနိုင်သည်။

သို့သော် အိန္ဒိယရေတပ်ဗိုလ်ချုပ် မွန်တီခန်နာကမူ ဒေသတွင်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေရှ်နိုင်ငံတို့တွင် တရုတ်နိုင်ငံထုတ်ရေငုပ်သင်္ဘောများနှင့် အထောက်အကူပြု အခြေခံအဆောက်အအုံများ ပျံ့နှံ့လာခြင်းသည် တရုတ်နိုင်ငံ၏ရေငုပ်သင်္ဘောများကို အိန္ဒိယသမုဒ္ဒရာအတွင်း၌ မစ်ရှင်များထမ်းဆောင်လာစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ရေအောက်မောင်းသူမဲ့ရေယာဉ်များသည် ရေအောက်ကေဘယ်ကြိုးများနှင့်အာရုံခံကိရိယာများကို ရပ်ဆိုင်းသွားအောင်လုပ်ဆောင်ခြင်းနှင့် တရုတ်နိုင်ငံကို အိန္ဒိယသမုဒ္ဒရာထိ ခြေဆန့်နိုင်စေမည့်အပြင် ရေအောက်မှနေ၍ ပစ်မှတ်များကိုချဉ်းကပ်ခြင်းဖြင့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်များကို ကျော်ဖြတ်နိုင်မည့် နျူကလီးယားဖြန့်ကြက်မှုစနစ်အဖြစ်လည်း သီအိုရီပိုင်းအရ အသုံးပြုသွားနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် တရုတ်နိုင်ငံသည် မိနစ် ၃၀ အတွင်း အမေရိကန်ပြည်မကြီးထိရောက်ရှိနိုင်သည့် DF-41 ICBM ကဲ့သို့သော ပိုမိုလျင်မြန်သည့် ဒုံးကျည်များပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ သို့သော် တရုတ်ရေပိုင်နက်မှ ရေအောက်မောင်းသူမဲ့ရေယာဉ်ကို စေလွှတ်မည်ဆိုလျှင် ရက်သတ္တပတ်ခန့်ကြာမြင့်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရေအောက်မောင်းသူမဲ့ရေယာဉ်များကို ဟန့်တားမှုကိရိယာထက်ပြန်လည် တုံ့ပြန်တိုက်ခိုက်ရေးလက်နက်အဖြစ်သာ အသုံးပြုသွားနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ၏ အကြီးစားရေအောက်မောင်းသူမဲ့ရေယာဉ်(XXLUUVs)များသည် ရေအောက်ကေဘယ်ကြိုးများ၊ အာရုံခံကွန်ရက်များအပြင် ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတစ်ဝန်းရှိ မဟာဗျူဟာမြောက်ဟန်ချက်တို့ကိုပင်လျှင် ခြိမ်းခြောက်သွားနိုင်သည့် အလားအလာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ကိုးကား

- PLAN's big underwater drones push undersea power toward US shores by Asia Times.

မောင်စိန်အို(နဘဲမြေ)

ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂۶ ရက်နေ့ (အစား) ၂၈-၂-၂၀၂۶ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။

လျှင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။

၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး

ဝက်လက် ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၆၈၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီးဖြစ်ပြီး တစ်ဧကလျှင် ၆၈ ဒသမ ၄၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မြေပဲ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၁၄၆၈၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြေပဲမစိုက်ပျိုးမီကတည်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ငဖဲ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းထိမ်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၆ သိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပန်းထိမ်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၊ အသေးစားလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၆ သိန်း ထုတ်ချေးပေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဧင်မာ**

မဘာယ်ကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ဓေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀ဝ၆ဝ၁ဝဝ
STARMART MANDALAY Wholesale - ၂မြလမ်းနှင့်မြလမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၈၅၅၁၁၉၀၇၇

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပြင်ပေးတောက်ပစေပါသည်။

DENTIST RECOMMENDED FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀ဝ၆ဝ၁ဝဝ
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅
STARMART MANDALAY Wholesale - ၂မြလမ်းနှင့်မြလမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၈၅၅၁၁၉၀၇၇

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်နေ မြခင်နွဲ့ (ဘ) ဦးဖိုးလယ်(၁/ဗမန(နိုင်)၀၅ဖ၁၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-695533331

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်တောင်ရွာသစ်၊ အကွက်(၈၇၀)နေ ကျွန်တော်ကျွန်မတို့၏သားမောင်ဇင်ဘုန်းမြတ် (၉/ခမစ(နိုင်)၀၈၁၈၀၅)သည် မိခင်၊ ဖခင်တို့အားကိုယ်စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ယနေ့ ၁၈-၂-၂၀၂၆ ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးစိုးလှိုင်
မိခင်-ဒေါ်သူဇာ

မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

"အဂတိလိုက်စားမှုတားဆီးရို့ " 1111 " ကိုခေါ်ကြားရို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုခေါ်ကြားပေး"

❖ တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို...

❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ စာမျက်နှာ ၂၀ ကော်လံ ၁ ☆

ပြည်သူ့စစ်မှုထမ်းသင်တန်း
အမှတ်စဉ်(၂၂)
သင်တန်းဖွင့်ပွဲများကို
တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်



နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွှေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံသို့ ဦးတည်ရွှေ့လျားကာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

မိုးညှင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံဂရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အပြိုမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာဌာန်လမ်း၊ အင်္ဂပြိုမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆